# စတုရာရက္ခဘာဝနာ

ရဟန်းရှင်လူ ဥပါသကာ, ဥပါသိကာတို့
နှလုံးသွင်း ဆင်ခြင်ပွားများရန်
သင့်လျော်သော

## သံသရာဘေး ကာကွယ်ရေးခေါ်

# စတုရာရက္ခဘာဝနာ

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက
B.A.Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
ပြုစု ရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ခရစ် ၁၉၈၄

၁၆၈၇၇

ရဟန်းရှင်လူ ဥပါသကာ, ဥပါသိကာတို့
နှလုံးသွင်း ဆင်ခြင်ပွားများရန်
သင့်လျော်သော
သံသရာဘေး ကာကွယ်ရေးခေါ်

# စတုရာရက္ခဘာဝနာ


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက
B.A.HONS – ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
စုဆောင်းရေးသားသည်။



သာသနာ ၂၅၂၇၊ ကောဇာ ၁၃၄၅၊ ခရစ် ၁၉၈၄။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဏာမ ပဋိညာဉ် | .... | ၁ |
| ထာဝစဉ်မကွာ ပွားများပါ | .... | ၁ |
| အတုမဲ့ လုပတင့်တယ်သပ္ပာယ်သော ရုပကာယနှင့် ဂုဏ်တော်များ | .... | ၃ |
| လက္ခဏာတော်ကြီး ၃၂-ပါးဖြင့် ဗုဒ္ဓါနုဿတိ ဘာဝနာပွားများ | .... | ၄ |
| လက္ခဏာအကျိုးပြ သံပေါက်များ | .... | ၉ |
| လက္ခဏာတော်ငယ် ရှစ်ဆယ်ရှုတ်ဆိုရှုကြည်ညိုရန် | .... | ၁၁ |
| ဘုရားရှင်ဂုဏ်တော်များ ပွားများရန် | .... | ၂၃ |
| ၁—အရဟံဂုဏ်တော်အနက် ၅-ပါး | .... | ၂၄ |
| ၂—သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အနက် ၃-ပါး | .... | ၂၅ |
| ၃—ဝိဇ္ဇာစရဏ ဂုဏ်တော်အနက် ၁-ပါး | .... | ၂၆ |
| ၄—သုဂတဂုဏ်တော်အနက် ၅-ပါး | .... | ၂၇ |
| ၅—လောကဝိဒူ ဂုဏ်တော်အနက် ၁-ပါး | .... | ၂၈ |
| ၆—အနုတ္တရော ၁-နက်၊ အနုတ္တရောပုရိသဒမ္မသာရထိ ၂-နက်(၂-ရပ် ၃-နက်) | .... | ၂၈ |
| ၇—သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်အနက် ၂-ပါး | .... | ၂၉ |
| ၈—ဗုဒ္ဓဂုဏ်တော်အနက် ၂-ပါး | .... | ၃၀ |
| ၉—ဘဂဝါဂုဏ်တော်အနက် ၈-ပါး | .... | ၃၀ |
| ပိဋကတ် ခယာဝယအား ဖြေငိုဆင်ခြင် | .... | ၃၂ |
| ဗုဒ္ဓါနုဿတိဘာဝနာအကျိုးအာနိသင် | .... | ၃၃ |
| ဗုဒ္ဓါနုဿတိ ဘာဝနာ ထုံသော မိဖုရားစောလုံ | .... | ၃၆ |
| မေတ္တာဘာဝနာ | .... | ၃၇ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြန်မာလို အထူးမေတ္တာပို့ | ... ၃၈ |
| မရည်စူးသော အနောဓိသာမေတ္တာပို့ | .... ၃၉ |
| ရည်စူးသော ဩဓိသမေတ္တာပို့ | ... ၄၀ |
| မေတ္တာသုတ်လာ မေတ္တာပို့ | ... ၄၁ |
| မေတ္တာဘာဝနာပါဠိအနက် | ... ၄၂ |
| ဝါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာ | .... ၄၆ |
| ဒိသာဖရဏမေတ္တာ-၄၈၀ | .... ၄၈ |
| မေတ္တာအကျိုး ၁၁-ပါး | .... ၅၀ |
| မေတ္တာပွား ဆွမ်းစား၊ ဆွမ်းခံ | .... ၅၂ |
| မေတ္တာပွား ဆွမ်းခံသည့် အရှင်သုဘူတိမထေရ် | .... ၅၂ |
| မေတ္တာစျာန်ဖြင့်နေက နိဗ္ဗာန်ရနိုင် | ... ၅၃ |
| အသုဘ ဘာဝနာ | ... ၅၄ |
| ၃၂-ကောဋ္ဌာသနှင့်အရိုး ၃၀၀-သီးခြားဆင်ခြင် | .... ၅၇ |
| ပွားများပုံအမြွက် | ... ၅၈ |
| ရာဂစရိုက်ဆယ်မျိုးနှင့် အသုဘဆယ်မျိုး | ... ၅၉ |
| အသုဘဘာဝနာ အကျိုးအာနိသင် | .... ၆၀ |
| မရဏဿတိဘာဝနာ | .... ၆၁ |
| မရဏဿတိဘာဝနာ အကျိုးအာနိသင် | .... ၆၃ |
| စတုရာရက္ခဘာဝနာကျမ်း အပြီးသတ်ခြင်း | ... ၆၅ |
| စတုရာရက္ခဘာဝနာကျမ်း နိဂုံးသံပေါက်များ | ... ၆၈ |
| အရှင်ကေလာသပြုစုသော ကျမ်းစာများ | ... ၇၀ |

# စတုရာရက္ခ ဘာဝနာကျမ်း ကျမ်းဦးမှတ်ဖွယ်

**သံသရာဘေး ကာကွယ်ရေးတရားလေးပါး။** ။သံသရာ ကျင်လည်ခဲ့ကြရသည်မှာ ကြာညောင်းလှလေပြီ။ ဤမည်သောမင်း ဤမည်သော ဘုရားလက်ထက် ဤမည်သော မင်းလက်ထက် ဤမည်သော ကမ္ဘာက စတင်ခဲ့သည်ဟူ၍ မည်သူတဦးတယောက်မျှ မထုတ်မဖော်မပြောဆိုနိုင်ပါချေ။ ဘုရားရှင်သည်ပင် "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ န ပညာယတိ" စသည်ဖြင့် သံသရာအစ မသိကြောင်း ဟောကြားတော်မူခဲ့လေသည်။ ယင်းသို့ အဆမတန်ကျယ်ပြောလှသော သံသရာ ကျင်လည်ရစဉ် ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေးတို့သည် ကြောက်ဖွယ် ဘေးဆိုးကြီးတို့ဖြစ်ကုန်၏။ ယင်း ဘေးဆိုးကြီး များကို ကာကွယ်နိုင် ဘာဝနာလက်နက်ကား—

၁။ ဗုဒ္ဓါနုဿတိဘာဝနာ။

၂။ မေတ္တာဘာဝနာ။

၃။ အသုဘ ဘာဝနာ။

၄။ မရဏဿတိ ဘာဝနာ—

အားဖြင့် ၄-ပါးရှိသည်။ ယင်းတရားလေးပါးကို သံသရာဘေး ကာကွယ်ရေး တရားဟု ဆိုကြသည်[၁]။

တနည်းစိတ်ကိုစောင့်ရှောက်ကြောင်းဘာဝနာ။ ယာခင်း ဝင် ပြီး

ကောက်ပင်ပြောင်းပင်ပဲပင်စသည်ကို စားတတ်သော နွားကို စောင့်ရှောက်သော နွားကျောင်းသားကဲ့သို့ မိမိ စိတ်ကို လောကီအာရုံ ကာမဂုဏ်သို့ မသွားအောင် စောင့်ရှောက်ထား ကြောင်း ဗုဒ္ဓါနုဿတိဘာဝနာစသော ဘာဝနာ ၄-ပါးသည် "အာရက္ခိယဘော စိတ္တံ မေတာဟီတိ အာရက္ခာ၊ စတဿော အာရက္ခာ စတုရာရက္ခာ" ဟူသည်နှင့် အညီ စတုရာရက္ခာ မည်သည်။

စတုရာရက္ခာဘာဝနာ ၄-ပါးဖြင့် ဆုံးမဖို့ညွှန်ကြား။ ။ထေရ်ကြီး များ က

တပည့် ရဟန်းငယ်များ (ရဟန်း သာမဏေများ) ကို နေ့စဉ် မိမိ သီလကို ဆင်ခြင်ပြီး စတုရာရက္ခ ဘာဝနာ ကိုမဟုတ် ကိုးလုံးပြည့်စုံစွာ ပွားများလျက် နေကြဟု သြဝါဒ ပေးသည့်

---

၁။ စတုရာရက္ခာဘိ ဗုဒ္ဓါနုဿတိ မေတ္တာစ အသုဘာ မရဏဿတိ။ ခုဒ္ဒသိက္ခာ၊ ၄၆၁။
ဗုဒ္ဓါနုဿတိ မရဏ-သုဘာ မေတ္တာစ ဘာဝနာ။
အပ္ပမာဒါယ အာရက္ခာ၊ စတဿော မာနိတာ သတံ။
(သင်္ဂဟာဆရာတော်)

အကြောင်းများကို ကျမ်းပြုလိမ့်မှာ အရှင်မဟာဗုဒ္ဓဃောသာ အဋ္ဌကထာဆရာတော် မှာကြားတော်မူခဲ့လေသည်။[၁]

**သမ္ဗုတ္တက ကမ္မဋ္ဌာန်းဟုလည်းခေါ်။** ။ဖော်ပြပါစတုရာရက္ခ ကမ္မဋ္ဌာန်း ၄-ပါးကို အလုံးစုံသောအရာတို့၌ အလိုရှိအပ်ရကား သဗ္ဗတ္ထကကမ္မဋ္ဌာန်းဟု ခေါ်ကြသည် ၂။

**ဆရာတော်ကြီးများ ထာဝစဉ်ပွားများတော်မူကြ။** ။ဖော်ပြပါ စတုရာရက္ခ ဘာဝနာ ၄-ပါးကို ရှေးယခင်က စ၍ ယခုခေတ်တိုင် သာသနာပြု သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ ထာဝစဉ်ရှုမှတ်ပွားများ နှလုံးသွင်းတော်မူကြသည်။

**သင်္ဂဇာ ဆရာတော်ဦးပုံတမျိုး။** ။"အာဂုဏမှာ လက်ာရကာဝိဓေ မဟာ မေမ္မ ရာဇာမိရေဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပဌမသင်္ဂဇာဆရာတော် ဘုရားကြီးသည် မိမိ၏စတုရာရက္ခကျမ်း၌-

---

၁။ အပိစ ဘိက္ခု ဩဒါတဗ္ဗာ ဒိဝသေ ဒိဝသေ သီလာနံ အာဝဇ္ဇန္တေ၊ စတုရာရက္ခာ အဟာပေန္တာ မနသိကာရံ ဟုတွာ ဝိဟရိတဗ္ဗ။ ဝိ၊ ဋ္ဌ ၄း ၇၃။

၂။ ဗုဒ္ဓါနုဿတိ မေတ္တာစ၊ အသုဘာ မရဏဿတိ။ ဣစ္စိမာ စတုရာရက္ခာ၊ သဗ္ဗတ္ထကာတိ ဝါ မတာ။ ရတနတ္တယဂုဏာပကာသနီကျမ်း၊ ၀၀။

ဗုဒ္ဓါနုဿတိ မရဏာ-သုဘာ မေတ္တာ စ ဘာဝနာ။
အပ္ပမာဒါယ အာရက္ခာ၊ စတဿော မာနိတာ သတံ–

ဟူသော ဂါထာဖြင့် ဖော်ပြ၍ (၁) ဗုဒ္ဓါနုဿတိ ဘာဝနာ။ (၂) မရဏာဿတိ ဘာဝနာ၊ (၃) အသုဘ ဘာဝနာ၊ (၄) မေတ္တာဘာဝနာဟူ၍အစီအစဉ်ပြု၍ ရေးသားစီရင်တော်မူခဲ့လေသည်။ သို့ရာတွင် ခုဒ္ဒသိက္ခာ စတုရာရက္ခနိဒ္ဒေသ၌ စတုရာရက္ခာတိ ဗုဒ္ဓါနုဿတိ မေတ္တာစ၊ အသုဘာမရဏဿတိဟူ၍လည်းကောင်း၊ သာရတ္ထဒီပနီဋီကာ၌စတုရာရက္ခံ အဟာပေန္တောတိ ဗုဒ္ဓါနုဿတိ မေတ္တာအသုဘံ မရဏဿတိတိ ဣမံ စတုရာရက္ခံ အပရိဟာပေန္တောဟူ၍ (၁) ဗုဒ္ဓါနုဿတိဘာဝနာ၊ (၂) မေတ္တာဘာဝနာ၊ (၃) အသုဘဘာဝနာ၊ (၄) မရဏဿတိဘာဝနာဟူ၍လည်းကောင်း စီရင်တော်မူခဲ့လေသည်။

စတုရာရက္ခာဘာဝနာကျမ်း ရေးသားစီရင်ခြင်း။ ။ မိမိသည် ၁၃၄၅-ခုနှစ် တန်ဆောင်မုန်း လဆန်း ၁-ရက် နေ့တွင် ဘာဝနာ ဂုဏ်ရည်ကျမ်း ရေးသားစီရင်ပြီးဆုံးသဖြင့် နောက်နေ့ ၁၃၄၅-ခုနှစ် တန်ဆောင်မုန်း လဆန်း ၂-ရက်နေ့မှစ၍ ဤမည်သော စတုရာရက္ခာဘာဝနာ ဂုဏ်ရည်ကျမ်းကို ရေးသားပြုစုရာ ယနေ့ ၁၃၄၅-ခုနှစ် တန်ဆောင်မုန်းလဆန်း ၄-ရက် ညနေ ၅-၂၃ မိနစ်အချိန်တွင် ပြီးဆုံးပါသည်။ ဤကျမ်းဘာဝနာ ၄-ပါးစဉ်ပုံကို ခုဒ္ဒသိက္ခာပါဌ် သာရတ္ထဒီပနီဋီကာတို့ စဉ်သည့်အတိုင်း ရေးသားပါသည်။

**လွယ်လွယ်နှင့်အကျဉ်းရေးသားခြင်း။** ။မိမိသည် စတုရာရက္ခ ဘာဝနာပေါ်ပေါက်ရာ ကျမ်းကြီးကိုပြည့်ပြည့်စုံစုံ ရေးသားမည်ဖြစ်သဖြင့်၍စတုရာရက္ခ ဘာဝနာကျမ်းကို ပုဂ္ဂိုလ်မရွေး ကြည့်ရှုလေ့လာ ပွားများနိုင်ရန် လွယ်လွယ်နှင့် အကျဉ်းရေးသားပါသည်။

**လေ့လာရှုမှတ် ပွားများကြပါ။** ။အို သူ တော် စင်၊ အသင် သူတော်စင်သည် ဤကျွန်ုပ် ဆောင်ပြုစီစဉ်သည့် စတုရာရက္ခ ဘာဝနာကျမ်းကို လေ့လာ ကြည့်ရှု၍ စတုရာရက္ခ ဘာဝနာ ၄-ပါးကို ရှုမှတ် ပွားများ၍ သာသနာတော်၏ အနှစ်သာရများကို ခံစားသုံးဆောင်နိုင်ပါစေ ဟု ဆန္ဒပြုပါသည်။

သာသနာ့အရသာ များသတ္တာ ကောင်းစွာ ခံစားနိုင်ကြ ပါစေသော်။

အရှင်ကေလာသ

ဓမ္မာစရိယ,ဂဏဝါစက,ဝိဇ္ဇာ (ဂုဏ်ထူး)

သာသနဇောတိပါလကျောင်း

မဟာဝိသုတာရာမတိုက်

ပခုက္ကူ။

၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄-ရက်နေ့။

# စတုရာရက္ခဘာဝနာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏာမ ပဋိညာဉ်

**ရတနာသုံးပါး ဆရာအား လေးစားဦးညွတ်သည်။**
**သူတော်စင်များ ကျိုးစီးပွား များပြားစိမ့်ငှာရည်။**
**စတုရာရက္ခ မည်နာမ ထူးလှဂုဏ်ပြောစည်။**
**ဘာဝနာကျမ်း ထူးတင့်ဆန်း ကြိုးပမ်းရေးသားမည်။**

မိမိသည် ဘုရားမြတ်စွာ သာသနာကို ကြည်ညိုကြသော ဥပါသကာ,ဥပါသိကာ သူတော်စင်တို့ ထာဝစဉ်မမေ့ လွယ်ကူစွာ ပွားများလေ့လာရန် စတုရာရက္ခဘာဝနာ ကျမ်းငယ်ကို လင်္ကာ၊ကဗျာ၊သံပေါက်များဖြင့် တန်ဆာဆင်ပြီး ရေးသားမည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို အလိုရှိပါသဖြင့် "ရတနာသုံးပါး ဆရာအား လေးစားဦးညွတ်သည်" အစရှိသော သံပေါက် ၄-ပုဒ်ဖြင့် ရတနတ္တယပဏာမ အာဒိယ ပဏာမ ပဋိညာဉ်ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုပါသည်။

### ထာဝစဉ်မကွာ ပွားများပါ

စတုရာရက္ခဘာဝနာဟူသည်—

၁။ ဗုဒ္ဓါနုဿတိဘာဝနာ·ဘုရားဇိနိန္ဒ်၏ဂုဏ်တော်မြတ်ကို အဖန်ဖန်အောက်မေ့၍ မိမိစိတ်ငယ် ထုံထားခြင်း။

၂။ မေတ္တာဘာဝနာ- သတ္တဝါအားလုံး ကျန်းမာချမ်းသာစွာရှိရန် မေတ္တာပို့ဆု မိမိစိတ်ကို ထုံထားခြင်း။

၃။ အသုဘဘာဝနာ-ရုပ်ကာယခန္ဓာကိုယ်ကို မတင့်မတယ် ရွံစဖွယ်အားဖြင့် ပွားများ၍ မိမိစိတ်ကို ထုံသားခြင်း။

၄။ မရဏဿတိဘာဝနာ (မရဏာနုဿတိဘာဝနာ) သေခြင်းကိုအောက်မေ့(အဖန်ဖန်အောက်မေ့)လျက် မိမိစိတ်ကို ထုံမွမ်းခြင်း-

ဟူသော ဤကမ္မဋ္ဌာန်း ၄-ပါးသည် အချိန်မလပ်အောင် ပွားများရမည့် ကမ္မဋ္ဌာန်းဘာဝနာများ ဖြစ်လေသည်။ အာဋ္ဌာနာဋိယသုတ်၌ ဘုရားဖူးရန် (ဗုဒ္ဓါနုဿတိဘာဝနာ) အတွက်သာ—

ဝစသာ မနသာစေဝ၊ ဝန္ဒာမေ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ [၁]-

ဟူ လာရှိသကဲ့သို့ဖြစ်သည်။ စင်စစ်မှာမူကား-မေတ္တာ၊ အသုဘ မရဏဿတိတို့ကိုလည်း ဗုဒ္ဓါနုဿတိနည်းတူ ပွားများရသည်။

---

၁။ အဟံ=အကျွန်ုပ်သည်၊ တေ တထာဂတေ= ထိုမြတ်စွာဘုရားတို့ကို၊ သယနေ စ=အိပ်ရာအခါ၌လည်းကောင်း၊ အာသနေ စ=ထိုင်ရာအခါ၌ လည်းကောင်း၊ ဌာနေ စ= ရပ်ရာ အခါ၌ လည်း လည်းကောင်း၊ ဂမနေ စာပိ=သွားရာအခါ၌လည်းကောင်း၊ သဗ္ဗဒါ=အခါခပ်သိမ်း၊ ဝစသာစေဝ=နှုတ်ဖြင့်လည်းကောင်း၊ မနသာစေဝ=စိတ်ဖြင့်လည်းကောင်း၊ ဝန္ဒာမိ=ရှိခိုးပါ၏။

## လွယ်လွယ်ရေးသားပါမည်

ဖော်ပြပါ စတုရာရက္ခဘာဝနာ လေးပါးကို ရဟန်း ရှင်လူ ဥပါသကာ၊ ဥပါသိကာသူတော်စင်များ အလွယ်တကူ ကြည့်ရှု လေ့လာ ပွားများကြရန် ရည်သန်၍ မြန်မာဘာသာ လင်္ကာ သံပေါက်ကဗျာများဖြင့် ရေးသားမည်ဖြစ်ရာ ယုံယုံကြည်ကြည် လေ့လာပွားများရာ၏။

## အံ့တုမဲ့ လှပတင့်တယ် သပ္ပာယ်သော ရူပကာယနှင့် ဂုဏ်တော်များ

ဘုရာ မြတ်စွာသည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံး ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ပါရမီသုံးဆယ်၊ သုံး သွယ်စရိယ၊ စာဂငါးခု ကောင်းမှုတော်တို့ကြောင့် နောက်ဆုံး ဘုရားဖြစ်တော်မူသောဘဝ၌ အတုမဲ့ ရူပကာယတော် လှပတင့် တယ် သပ္ပာယ်တော်မူသည့်ပြင် အတုမရှိသော သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ် (ဉာဏ်တော်မြတ်) ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိ ဉာဏဒဿန ဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်။ ဤသို့ အတုမဲ့ဘုရားရှင်၏ ဂုဏ် များကို ကြည်ညိုကာ အောက်ဖော်ပြပါ အတိုင်း ဖတ်ရှု လေ့ လာပြီး နှလုံးသွင်းဆင်ခြင်ရာ၏။

## လက္ခဏာတော်ကြီး ၃၂-ပါးဖြင့်
## ဗုဒ္ဓါနုဿတိဘာဝနာ ပွားများ

၁။ သုပ္ပတိဋ္ဌိတပါဒေါ=မြေအပြင်မှာ တညီညာတည်းသော ခြေဖဝါးအပြင် ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂။ စက္ကပါဒေါ=ခြေဖဝါးတော်အပြင်ငယ်တထောင်သော အကန့်အကွက်ရှိသော စက်လက္ခဏာနှင့် ပြည့်စုံတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတကား။

၃။ အာယတပဏှိ=ရှည်သော ဖနောင့်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတကား။

၄။ ဒီဃင်္ဂုလိ=ရှည်သော လက်ချောင်း ခြေချောင်းရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတကား။

၅။ ဗြဟ္မုဇုဂတ္တော=ဗြဟ္မာမင်းလို ဖြောင့်စင်းသော ခန္ဓာကိုယ်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၆။ မုဒုတလုဏဟတ္ထပါဒေါ= နူးညံ့ပျိုနုသော လက်ဖဝါး အပြင် ခြေဖဝါးအပြင် ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၇။ ဇာလဟတ္ထပါဒေါ=ရွှေပွတ်လုံးကို စီထားဆက်ကဲ့သို့ ညီညွတ်သော လက်ချောင်းအစွန်း ခြေချောင်းအစွန်း ရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၈။ ဥဿင်္ခပါဒေါ=အထက်သို့ မြင့်သော ခြေမျက်စိရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၉။ ဥဒ္ဓဂ္ဂလောမော=အထက်သို့ အဖျားလှည့် အဖျားမော့သော မွေးညှင်းရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၀။ ဧဏိဇင်္ဃော= ဧဏီမည်သော သားကောင်၏ သလုံးအလားလုံးသော သလုံးသားရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၁။ ဒီဃဟတ္ထော=ကိုယ်တော်ကို မကိုင်းညွတ်ပဲ ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်သော ရှည်သွယ်သော လက်ရုံးလက်မောင်းရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၁၂။ နိဂြောဓပရိမဏ္ဍလော=အနံနှင့်အလံမျှသဖြင့် ပညောင်ပင်လို ဝန်းသော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၃။ ကောသောဟိတဝတ္ထဂုယှော=အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော နိမိတ်ရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၄။ သုဝဏ္ဏဝဏ္ဏော= ဇမ္ဗူနဒ် ရွှေအဆင်းတမူ တူသော အဆင်းတော် ရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၁၅။ သုခုမစ္ဆဝိ=အလွန်လျှင် နူးညံ့သော အရေရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတကား။

၁၆။ ဧကေကလောမော= တခုတခုသော မွေးညှင်းတွင်း၌ တပင်စီ တပင်စီသာ ပေါက်သော မွေးညှင်းရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတကား။

၁၇။ ဥဏ္ဏာကော=မျက်လုံးတော် နှစ်ဘက်တို့၏ အလယ်တို့၌ သောက်ရှူးကြယ်သဖွယ် တင့်တယ်ထွန်းပလျက် လက်ယာရစ်ခွေ ငွေကြယ်ပွင့်အလား ထင်ရှားသော ဥဏ္ဏာလုံမွေးရှင်တော် ရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၈။ သတ္တုဿဒေါ= လက်ဖမိုး နှစ်ဘက်၊ ခြေဖမိုး နှစ်ဘက်၊ ပခုံးစွန်း နှစ်ဘက်နှင့် လည်ကုပ်တော်အားဖြင့် ခုနစ်ပါးသော အရပ်ဌာနတို့၌ မောက်ဖြိုးသော အသားရှိတော်

မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၉။ သီဟ ပုဗ္ဗဍ္ဍကာယော=ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကိုယ်ပမာ ပြည့်ဖြိုးသော ကိုယ်အင်္ဂါရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၀။ စိတန္တရံသော=ကျောရိုးကြောင်း မရှိမထင် ပြည့်ဖြိုးသော လက်ပြင်ကြား ကျောသား ကျောရေရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတကား။

၂၁။ သမဝဋ္ဋက္ခန္ဓော= ရှေ့နောက်ရိုးစည်တရုထည် လုံးစည်သော လည်ပင်း လည်တိုင်ရှိတော်မူသော သုံးလောက ဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၂၂။ ရသဂ္ဂသဂ္ဂီ=လည်ပင်းဝယ် ဆုံစည်းကုန်လျက် ရသခေတ်ဆီ ရသခေတ်ညှန့်တို့ကို ဆောင်ယူလုံးဆောင်သော တထောင်သော အရသာကြော ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၃။ သီဟဟနု=ခြင်္သေ့မင်း၏ အောက်မေးတန်း ပြည့်ဝန်းသော မေးနှစ်ခုရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၄။ စတ္တာလီသ ဒန္တော=လေးဆယ်သော သွားတော်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၅။ အဝိရဠဒန္တော= ကြဲမခေါ် အလွန်လျှင် စေ့သော သွား ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၆။ သမဒန္တော=လွှဖြင့်ဖြတ်သည့်အလား အလွန်လျှင် ညီညွတ်သော သွား ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၇။ သုသုက္ကဒါဌော=သောက်ရှူးကြယ်အတူ ဆွတ်ဆွတ်ဖြူသော စွယ်တော်လေးဆူ ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင်တော်မြတ်ကြီးပါတကား။

၂၈။ ပဟူတဇိဝှော=နှုတ်ပြင်ကို ဖုံးနိုင်အောင် အလွန်ပြန့်ကျယ်သော လျှာအပြင်ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၉။ ဗြဟ္မဿရော=ဗြဟ္မာမင်း၏ အသံပမာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံရှိတော်ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

(ဆောင်) သန့်ရှင်းသာယာ၊ လွန်သီသာ၊ နာဖွယ်ပြန့်မပေါ်။
လုံးနက်ပဲ့တင်၊ အင်္ဂါအင်၊ မြတ်ရှင်အသံတော်။

၃၀။ အတိနီလနေတ္တာ= အလွန် ညိုမှောင်သော မျက်နက် ဝန်းရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃၁။ ဂေါပခုမေ=နွားငယ်၏ မျက်ကွင်းအသွင် ပွင့်လင်းရှန်းစက်သော မျက်ကွင်းရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃၂။ ဥဏှီသသီသော= ဇမ္ဗူရစ်ရွှေပြားသဖွယ် တင့်တယ်သော နဖူး သင်းကျစ်ဖြင့်ခြယ်လှယ်အပ်သော ဦးခေါင်းရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

ဖော်ပြပါအတိုင်း ရွတ်ဆိုပွားများလျှင် ဘုရားရှင် ကိုယ်တော်၏ တင့်တယ်ပုံထင်လာပြီး ပီတိတွေဖြစ်လာပါလိမ့်မည်။ ယင်း ပီတိကို ကုန်ခြင်းသဘော ပျက်ခြင်းသဘောရှု၍ဟု ထပ်၍ဆင်ခြင်ပါ။

ဝင်းပြင် အောက်ပါ လယ်တီဆရာတော်ဘုရားကြီး၏ လက္ခဏာတော်အကျိုးပြ သံပေါက်လင်္ကာများကိုလည်း ရွတ်ဆို၍ကြည်ညိုရာ၏။

### လက္ခဏာအကျိုးပြ သံပေါက်များ

၁။ ညီညာဖဝါး ရှန်နှစ်ပါး လှုပ်ရှားမတတ်သာ။

၂။ ခြေတွင်တဖန် စက်ရှိပြန် ခြံရံများတတ်စွာ။

၃။ ဖနောင့်လက်ခြေ ရှည်တံ့ပေ ကိုယ်နေ မတ်ရပ်စွာ။
၄။ အသက်ရှည်ဖို့ အင်္ဂါတို့ မချို့သိအပ်ရာ။
၅။ နူးညံ့ညီမျှ ခြေလက်စ မိတ္တသင်္ဂဟာ။
၆။ ဖမျက်မြင့်သော် မွေးဖျားသော် လူပေါ်ထွတ်မြတ်ရာ။
၇။ ချောသွယ်မြင်းခေါင်း မြင်တံ့ချောင်း လာဘ်ကောင်း ရတတ်စွာ။
၈။ လက်တံရှည်လျား ကိုယ်ဝန်းပြား ပေါများမြတ်ဥစ္စာ။
၉။ အအိမ်ဖုံးပြား နိမိတ်အား သားကောင်းထွန်းတတ်စွာ။
၁၀။ အရေအဆင်း ရွှေနှယ်ခင်း အခင်းအရုံသာ။
၁၁။ အရေသဏ္ဌာန် နူးညံ့ပြန် ဉာဏ်ပညာဖို့ရာ။
၁၂။ မွေးညင်းခြားနား မွေးရှင်ပွား အများလိုလိုက်ရာ။
၁၃။ ခုနစ်အင်သီး ဖြိုးမောက်ပြီး လာဘ်ကြီးမိုးသို့ရွာ။
၁၄။ ကိုယ်လုံးထွားကြီး ကျောလယ်ဖြိုး လုံးစည်း လည်တိုင်သာ။
၁၅။ သူတော်တရား ခုနစ်ပါး လျော့ပြားမရှိရာ။
၁၆။ အကြောထောင်တုံ့ လည်ဝယ်ဆုံ လုံးစုံကင်းအနာ။
၁၇။ ခြသော့မေးတွ မေးထွားသူ ရန်သူမဖျက်သာ။
၁၈။ လေးဆယ်စေ့မြဲ သွားမကျဲ မကွဲပရိသာ။
၁၉။ သွားစွန်းညီမျှ စွယ်ဖြူဆွဲ သူဒ္ဓပရိသာ။

၂၀။ ရှည်ပြန့်လျှာဟန် ပြဟွာသံ အာဏာလွှန်ကဲစွာ။
၂၁။ မျက်နက်ရွှန်းစည် မျက်ကွင်းကြည် ချစ်မည် လူတိုင်းသာ။
၂၂။ သင်းကျစ်ခြယ်ဆင် ဦးခေါင်းမြင် လူရှင်ခညှောင်းရာ။

ဖော်ပြပါ သံပေါက်များကို ရွတ်ဆို ကြည်ညို လျှင်လည်း ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်ပါသည်။

## လက္ခဏာတော်ငယ် ရှစ်ဆယ်ရွတ်ဆို၍ ကြည်ညိုရန်

အောက်ဖော်ပြပါ လက္ခဏာတော်ငယ် ရှစ်ဆယ်ကို ရွတ်ဆို၍လည်း ကြည်ညိုလျှင် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်ပါသည်။

၁။ စိတင်္ဂုလိ=စေ့စပ် ပြည့်ဖြိုးသော လက်ချောင်း ခြေချောင်းရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂။ အနုပုဗ္ဗင်္ဂုလိ=အစဉ်အတိုင်း အဖျားချောသွယ်သော လက်ချောင်းခြေချောင်း ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၃။ ဝဋ္ဋင်္ဂုလိ=လုံးသော လက်ချောင်းခြေချောင်း ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄။ တမ္ဗနခါ=နီမြန်းသော လက်သည်း ခြေသည်းရှိတော် မူသော သုံးလောက ဥက္ကဋ် ဘုရားရှင်ကိုယ်တော် မြတ် ကြီးပါတကား။

၅။ တုင်္ဂနခါ=မြင့်ခုံးသော လက်သည်းခြေသည်း ရှိတော် မူသော သုံးလောကဉက္ကဋ် ဘုရားရှင်ကိုယ်တော် မြတ် ကြီးပါတကား။

၆။ သိနိဒ္ဓနခါ=နူးညံ့ပြေပြစ်သော လက်သည်းခြေသည်း ရှိတော်မူသော သုံးလောကဥက္ကဋ် ဘုရားရှင်ကိုယ်တော် မြတ်ကြီးပါတကား။

၇ နိဂူဠဂေါပ္ဖကော= အသား ပြည့်သဖြင့် မထင်ရှား သော ဖမျက်တော်ရှိတော်မူသော သုံးလောကဉက္ကဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၈။ သမပါဒေါ=ဆယ်ချောင်းလုံး အညီအညာ ရှည်သော ခြေချောင်း လက်ချောင်းရှိတော်မူသော သုံးလောက ဥက္ကဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၉။ ဂဇသမာနက္ကမော=ဆဒ္ဒန်ဆင်မင်း၏သွားခြင်းအလား တင့်တယ်သောသွားခြင်း ရှိတော်မူသော သုံးလောက ဥက္ကဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၁၀။ သီဟသမာနက္ကမော=ခြင်္သေ့မင်း၏ သွားခြင်းအလား တင့်တယ်သောကြွသွားခြင်းရှိတော်မူသောသုံးလောက ဥက္ကဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၁၁။ ဟံသသမာနက္ကမော=ဟင်္သာမင်း၏သွားခြင်း၊ အလား တင့်တယ်သောကြွသွားခြင်းရှိတော်မူသောသုံးလောက ဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၁၂။ ဥသဘသမာနက္ကမော= နွားမင်း ဥသဘ သွားခြင်း အလား တင့်တယ်သော ကြွသွားခြင်း ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော် မြတ်ကြီးပါ တကား။

၁၃။ ဒက္ခိဏာဝဋ္ဋဂတိ=လက်ယာရစ်လည်၍ ကြွ သွား ခြင်း ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော် မြတ်ကြီးပါတကား။

၁၄။ သမန္တတော စာရုဇာဏုမဏ္ဍလော = ထက်ဝန်းကျင်မှ တင့်တယ်သောပုဆစ်ဒူးဝန်းရှိတော်မူသောသုံးလောက ဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်ကြီးပါတကား။

၁၅။ ပရိပုဏ္ဏပုရိသဗျဉ္ဇနော=ပြည့်စုံသော ယောကျ်ားနိမိတ် ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော် မြတ်ကြီးပါတကား။

၁၆။ အဘိန္နနာဘိ=မပေါက်မကွဲသော ချက်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော် မြတ်ကြီး ပါတကား။

၁၇။ ဂမ္ဘီရနာဘိ=နက်သောချက်ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၁၈။ ဒက္ခိဏာဝဋ္ဋနာဘိ=လက်ယာရစ်လည်သောချက်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၁၉။ ဂ္လာဘကခုသဒိသ ဦရုဘုဇော=ဆင်နှာမောင်းတမူအလားတူသော ပေါင်လက်ရုံးရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၀။ သုဝိဘတ္တဂတ္တော=ကောင်းစွာ ဝေဖန်အပ်သော ကိုယ်ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၁။ အနုပုဗ္ဗစာရုဂတ္တော= အစဉ်အတိုင်း တင့်တယ်စွာတက်သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၂။ မဋ္ဌဂတ္တော=ချောမွတ်ပြေပြစ်သောကိုယ်ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော် မြတ်ကြီးပါတကား။

၂၃။ အနုန္နာနုန္နတသမဂတ္တော= မချိုင့်မမို့ ညီသောကိုယ်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၂၄။ အလီနဂတ္တော=မတွန့်မလိပ်သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင် ကိုယ်တော် မြတ်ကြီးပါတကား။

၂၅။ တိလကာဒိဝိရဟိတ ဂတ္တော=မှည့်မည်း စသည် ကင်းသော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၆။ အနုပုဗ္ဗရုစိရဂတ္တော=အစဉ်အတိုင်း ပြိုးပြက်သောကိုယ်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၂၇။ သုစိသုဒ္ဓဂတ္တော= အလွန်စင်ကြယ်သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၂၈။ ကောဋိသဟဿဟတ္ထိ ဗလဓရော= ကုဋေတထောင်သော ကာဠာဝကဆင်မျိုး၏အားကို ဆောင်နိုင်သော အစွမ်းရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၂၉။ သုဝဏ္ဏတုင်္ဂနာသော=ရွှေချွန်းသဖွယ် ရှည်သွယ်ဖြိုးတက်ပေါ်လျက် လှပသော နှာခေါင်းတော်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင် ကိုယ်တော် မြတ်ကြီးပါတကား။

၃၀။ ရတ္တဒွိဇမုခေါ=နီမြန်းသော နှုတ်ခမ်းတော်အစုံ ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃၁။ သုဒ္ဓဒန္တော=စင်ကြယ်သော သွားရှိတော်မူသော သုံးလောကဥက္ကဋ္ဌဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၃၂။ သိနိဒ္ဓဒန္တော=သိမ်မွေ့ပြေပြစ်သောသွားရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃၃။ ဝိသုဒ္ဓိန္ဒြိယော=အလွန်စင်ကြယ်သော စက္ခုအစရှိသော ဣန္ဒြေရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၃၄။ ဝဋ္ဋဒါဌော=လုံးသော စွယ်တော် ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၃၅။ ဝဋ္ဋသြဌော=လုံးသော နှုတ်ခမ်း ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြယကြီးပါတကား။

၃၆။ အာယတဝဒနော=ရှည်သော နှုတ်ခမ်း ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃၇။ ဂမ္ဘီရပါဏိလေခေါ = နက်သော လက် ခြား အရေးအကြောင်း ရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃၈။ အာယတလေခေါ=ရှည်သော လက်ခြား အရေး အကြောင်း ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၃၉။ ဥဇုကလေခေါ=ဖြောင့်သော လက်ခြား အရေး အကြောင်းရှိတော်မူသော သုံးလောက ဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၀။ သုံ့ရုစိသဏ္ဌာနလေခေါ=နှစ်လို စဖွယ် အလွန်တင့်တယ်သောသဏ္ဌာန် အရေးအကြောင်း ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၁။ ပရိမဏ္ဍလကာယပဘော=အဝန်း ညီညာ တလံ သောကိုယ်အရောင် ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၄၂။ ပရိပုဏ္ဏ ကပေါလော=ပြည့်ဖြိုးသော ပါးစောင်ရှိတော်မူသော သုံးလောကဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၃။ အာယတဝိသာလနေတ္တော=ရှည်လျား ကျယ်ပြန့်သော မျက်ကွင်း ရှိတော်မူသော သုံးလောက ဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၄။ ပဉ္စပသာဒဝန္တနေတ္တော=ငါးပါးသော အကွင်း တို့ဖြင့်ကြည်လင်သော မျက်လုံးတော်ရှိတော်မူသော သုံးလောက ဉက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၅။ အဒ္ဓကုဋ္ဋိဘဂ္ဂဘုမုကော= ညီညွတ်စွာကုန်းသော မျက်ခုံး ရှိတော်မူသော သုံးလောကဥက္ကာဌ် ဘုရားရှင်ကိုယ်တော် မြတ်ကြီးပါတကား။

၄၆။ မုဒုတနုကဇိဝေါ= နူးညံ့ ပါးလှပ်သောလျှာ ရှိတော်မူ သော သုံးလောကဥက္ကာဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၄၇။ ရတ္တဇိဝေါ=နီမြန်းသောလျှာရှိတော်မူသောသုံးလောကဥက္ကာဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၈။ အာယတကဏ္ဏော=ရှည်သော နား ရှိတော်မူသော သုံး လောကဥက္ကာဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၄၉။ ရုစိရကဏ္ဏော=နှစ်လိုဖွယ် တင့်တယ်သော နားရှိတော် မူသော သုံးလောကဥက္ကာဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၅၀။ နိဂ္ဂုဏ္ဍိသိရော = ဖုဆစ် ကင်းစင် အလွန်လျှင် တင့်တယ် သော ဦးခေါင်းရှိတော်မူသော သုံးလောကဥက္ကာဌ်ဘုရား ရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၅၁။ နိဂ္ဂုဠ္ဌသိရော=မတိုမငယ် တင့်တယ်လှပသောဦးခေါင်း ရှိတော်မူသော သုံးလောကဥက္ကာဌ် ဘုရားရှင် ကိုယ်တော် မြတ်ကြီးပါတကား။

၅၂။ ဝဋ္ဋဆတ္တနိဘစာရုသိရော = ထီး ဝန်း သဖွယ် တင့်တယ် သောဦးခေါင်းရှိတော်မူသော သုံးလောကဥက္ကာဌ် ဘုရား ရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၅၃။ အာယတပုထုလနလာဘလောမော=ရှည် လျား ကျယ် ပြန့်သော နဖူး၏ တင့်တယ်ခြင်းရှိတော်မူသောသုံးလော ကဥက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၅၄။ သုသဏ္ဌာနဘမုကော=(သက်ဘင်ပုံဟန်)ကောင်းသော သဏ္ဌာန်ရှိသောမျက်ခုံးရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၅၅။ သဏှလောမဘမုကော=သိမ်မွေ့ နူးညံ့သော အမွေးရှိ တော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင်ကိုယ်တော် မြတ်ကြီးပါတကား။

၅၆။ အနုလောမဘမုကော=အစဉ် အတိုင်း သွယ်ညွတ်သော မျက်ခုံးရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင်ကိုယ် တော်မြတ်ကြီးပါတကား။

၅၇။ သုခုမာလဂတ္တော=နူးညံ့သောကိုယ်ရှိတော်မူသော သုံး လောကဥက္ကဌ်ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၅၈။ အတိဝိယသောမ္မဂတ္တော=အလွန်လျှင် အေးကြည် ငြိမ်း ချမ်းသောကိုယ်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရား ရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၅၉။ အတိဝိယ ဥဇ္ဇလိတဂတ္တော=အလွန်လျှင် ထွန်းလင်းတောက် ပြောင်သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၆၀။ ဝိမလဂတ္တော=အညစ်အကြေးကင်းသော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၆၁။ ကောမလဂတ္တော= သိမ်မွေ့နူးညံ့သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၆၂။ သိနိဒ္ဓဂတ္တော= ပြေပြစ်ချောမွတ်သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၆၃။ သုဂန္ဓတနုကော= ကောင်းရနံ့လှိုင်သော ကိုယ်ရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၆၄။ သမလောမော=ညီညွတ်သော မွေးညင်းရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါတကား။

၆၅။ ကောမလလောမော= သိမ်မွေ့နူးညံ့သော အမွေးရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၆၆။ ဒက္ခိဏာဝဋ္ဋလောမော= လက်ယာရစ်လည်သော မွေးညင်းရှိတော်မူသော သုံးလောကဥက္ကာဋ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၆၇။ ဘိန္နဉ္စနနဂသိရိနီလလောမော=ပေါက်ကွဲသောမျက်စဉ်းတော်အသရေကဲ့သို့ ညိုသော မွေးညင်းရှိတော်မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတကား။

၆၈။ ဂဠလောမော=လုံးသောမွေးညင်းရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၆၉။ သိနိဒ္ဓလောမော= ချောမွတ်နူးညံ့သော မွေးညင်းရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၀။ အတိသုခုမ အဿာသပဿာသဓရော= အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကိုဆောင်သောကိုယ်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၁။ သုဂန္ဓမုခေါ= မွေးကြိုင်သော ခံတွင်း ရှိတော် မူသော သုံးလောက ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ် ကြီးပါ ပါတကား။

၇၂။ သုနီလကေသော= လွန်စွာမည်းနက်ညိုမှောင်သော ဆံတော်ရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၃။ ဒက္ခိဏာဝဋ္ဋကေသော=လက်ယာရစ်လည်သော ဆံရှိတော်မူသော သုံးလောကဥက္ကဋ္ဌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

၁၆၈၇၇

၇၄။ သုသဏ္ဌာနကေသော= ကောင်းသော သဏ္ဌာန်ရှိသော ဆံရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၅။ သိနိဒ္ဓကေသော=ချောမွတ်သောဆံရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၆။ သဏှကေသော= သိမ်မွေ့သော ဆံရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၇။ အလုလိတကေသော=မရောယှက် မရှုပ်ထွေးသော ဆံရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၇၈။ သမကေသော= ညီညွတ်သော ဆံရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၇၉။ ကောမလကေသော=သိမ်မွေ့နူးညံ့သော ကိုယ်ရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား။

၈၀။ ကေတုမာလာ ရတနဝိစိတ္တော= ကေတုမာလာ ရတနာရောင်လျှံဖြင့် ဆန်းကြယ်သော ဦးထိပ်တော်ရှိတော်မူသော သုံးလောကဉက္ကဌ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား[၁]-

---

၁။ ဇိနာလင်္ကာရဋီကာ၊ ဝိဇာတမင်္ဂလဝဏ္ဏနာ၊ ၁၇၇-နှာ။

ဤသို့ ရွတ်ဆိုပွားများလျှင် ဘုရားရှင်၏ ဘုန်းတော်၊ ကံတော်၊ သမ္ဘာတော်တွေဟု မှန်းဆကြည်ညိုသဖြင့် ပီတိတွေဖြစ်လာပါလိမ့်မည်။ ယင်းပီတိတွေကို ခယဝယ-ကုန်တဘ်ပျက်တတ်သော သဘောအားဖြင့် ထပ်မံဆင်ခြင်ရာ၏။

ဘုရားရှင်ဂုဏ်တော်များ ပွားများရန်

ဘုရားဂုဏ်တော်များကို ပွားများရာ၌ ရှေးဦးစွာ—

ဣတိပိ သော ဘဂဝါ-

(၁) အရဟံ၊

(၂) သမ္မာသမ္ဗုဒ္ဓော၊

(၃) ဝိဇ္ဇာစရဏသမ္ပန္နော၊

(၄) သုဂတော၊

(၅) လောကဝိဒူ၊

(၆) အနုတ္တရော ပုရိသဒမ္မသာရထိ၊

(၇) သတ္ထာ ဒေဝမနုဿာနံ၊

(၈) ဗုဒ္ဓေါ၊

(၉) ဘဂဝါ—

ဟူ၍ ပွားများပြီးလျှင် ဆက်လက်၍-

(ဆောင်) (၁) ကြည်ညိုကိုးစား၊ တို့ဘုရားမူ၊ နတ်လူဘုံဖြာ၊ ပူဇော်ရ၏။ (၂) ဓမ္မဉာဏ်၊ အလုံးစုံကို၊ ကိုယ်တိုင် မှန်စွာ၊ သိတတ်ပါ၏။ (၃) ဝိဇ္ဇာသုံးပါး၊ ရှစ်ပါး ဝိဇ္ဇာ၊ စရဏ ဆယ့်ငါးဝ၊ မွေညဏ်၊ ပြည့်စုံလှပြား၊ (၄) စကားကောင်းကို၊ ကိုယ်တော်ဆို၏။ (၅) ထိုသိုလောက၊ သိတတ်လှ၏၊ (၆) ဆုံးမသိုက်သူ၊ အတူကင်းလတ်၊ ဆုံးမတတ်၏၊ (၇) နတ်လူပြဟ္မာ၊ သတ္တဝါရပ်ရပ်၊ ဆရာမြတ်ဖြစ်၊ (၈) သစ္စာသိမြင်၊ (၉) ဘုန်းအရှင်သည်၊ ကိုးအင်ရှင်ပင်၊ ဂုဏ်တော် တည်း—

ဟူသော လက်ာကို ရအောင် ကျက်၍သည်း ပွားများရာ၏။

၎င်းနောက် ဆက်လက်၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို အောက် ပါတိုင်း အကျယ်ပွားရာ၏။

အရဟံဂုဏ်တော်အနက် ၅-ပါး

၁။ သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=တဆောင့်ငါးရာ ကိလေသာမှ ဝေးကွာ တော်မူသည်၏ အဖြစ်တည်းဟူသော ဤ အကြောင်း ကြောင့်လည်း။ အရဟံ=အရဟံခည်တော်မူ၏။

၂။ သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန=ကိလေသာတည်းဟူသော ရန်သူတို့ကို ဖျက်

ဆိုးတော်မူ တတ်သည့်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ အရဟံ=အရဟံမည်တော်မူ၏။

၃။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန= သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ် တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ အရဟံ= အရဟံမည်တော်မူ၏။

၄။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန=ပစ္စယပူဇာ ထူးကဲစွာကို ခံကာ သိမ်းပိုက် ထိုက်တော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့်လည်း။ အရဟံ=အရဟံမည်တော်မူ၏။

၅။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန=ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုပြုခြင်း ငှာ မသိုက်သည်၏အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့်လည်း။ အရဟံ=အရဟံမည်တော်မူ၏။

## ၂–သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အနက် ၃-ပါး

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန=သင်္ခါရ အသင်္ခါရအားဖြင့်ပြားသောအလုံး စုံသော တရားတို့ကို မှိုခိုအလိုသို့ ကိုယ်တော်တိုင်

သာလျှင် ပါရမီတော်ကြောင့် ဖြစ်သော သယမ္ဘူဉာဏ်ဖြင့် မဖောက်မပြန် ထိုးထွင်း၍ သိမြင်တော်မူသည်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၂။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန= ဝါသနာနှင့်တကွဖြစ်သော မောဟ ယုတ်ဆိုး အိပ်မက်မျိုးမှ စင်စစ် နိုးတော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန=နေရောင်ခြည်နှင့် ပေါင်းဆုံမိသော ပဒုမ္မာ ကြာအဟန် အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဆုံမိသဖြင့် ကောင်းစွာ ပွင့်ခြင်းသို့ ရောက်တော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃—ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အနက် ၁-ပါး

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန= ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော=ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

## ၄=သုဂတဂုဏ်တော်အနက် ၅-ပါး

၁။ သောဘဏ ဝါ=သို့မြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ၁စ ကာရဏေန=ဘင့်တယ်စွာ ကြွသွားတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ သုဂတော=သုဂတမည်တော်မူ၏။

၂။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ၁စ ကာရဏေန= မပြေဖွင်းသဘော ကြောင်းမနေ့သည့် ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူဘတ်သည်၏ အဖြစ် တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ သုဂတော=သုဂတမည်တော်မူ၏။

၃။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ၁စ ကာရဏေန=ထိုထိုမဂ်ဖြင့် ပယ်သတ်ပြီးသော ကိလေသာရန်ကို မပြန်စေပဲ လွဲသွန်ရှောင်ရှား ကြွသွားတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ သုဂတော=သုဂတမည်တော်မူ၏။

၄။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ၁စ ကာရဏေန= ဒီပင်္ကရာ မြတ်စွာ ပရမေ ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင် မြေဦးကိုင်တိုင်အောင် မဖောက်မပြန် လာတော်မူဘတ်သည်၏ အဖြစ် တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ သုဂတော=သုဂတမည်တော်မူ၏။

၅။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန=စကားခြောက်ခွန်း လူ၌ထွန်းတိ ကျိုးရှိ ဟုတ်မှန် သူနာ၍လို မနာလိုအား စကားနှစ်ခွန်းကို ကောင်းညွှန်းဟောကြားတော် မူတတ်သည်၏ အဖြစ် တည်းဟူသော ဤအကြောင်း ကြောင့်လည်း။ သု ဂတော=သုဂတ မည်တော်မူ၏။

## ၅—လောကဝိဒူ ဂုဏ်တော်အနက် ၁-ပါး

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန=ခန္ဓါရလောက သတ္တလောက ဩကာသ လောကဟုဆိုအပ်သောလောကသုံးပါးကိုကိစ္စသဘော၊ ကိစ္စ သဘော၏ အကြောင်း ချုပ်ရာ ချုပ်ခြင်း၏ အကြောင်းအားဖြင့် အကြွင်းမဲ့ သိတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့် လည်း။ သောလောကဝိဒူ=လောကဝိဒူမည်တော်မူ၏။

## ၆—အနုတ္တရော ၁-နက်၊ အနုတ္တရောပုရိသဒမ္မသာရထိ ၂-နက် (၂-ရပ် ၃-နက်)

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန=သီလ သမာဓိ အစရှိသော ဂုဏ်တော်ဖြင့် ကိုယ်တော်ထက် ထူးမြတ်သောသူ ကိုယ်တော်နှင့်တူ သောသူ ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော

ဤအကြောင်းကြောင့်လည်း။ အနုတ္တရော=အနုတ္တရ မည်တော်မူ၏။

၂။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန=ပဓာန အားဖြင့် လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန် ယောကျ်ားတို့ကို ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်း ဟူသော အကြောင်း၊ ကြောင့်လည်း။ ပုရိသဒမ္မသာရထိ= ပုရိသဒမ္မသာရထိ မည်တော်မူ၏။

၃။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန= မယဉ်ကျေးသူ ယဉ်ကျေး ပြီးသူတို့ကို အတုမဲ့ ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်း ဟူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ=အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

## ၇—သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်အနက် ၂-ပါး

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=လူနတ်ပြဟ္မာသတ္တဝါတို့၏ ဆရာဖြစ်တော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့် လည်း။ သတ္ထာဒေဝမနုဿာနံ= သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

၂။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=လျှည်းကုန်သည်တို့ကို ခရီးခဲမှ ဘေးလွတ်

ရာသို ထုတ်ဆောင်တော် မူဘတ်သော လှည်းမှူးဖြစ်သော သတ္တဝါတို့ကို ဇာတိကန္တာရအစရှိသော ခရီးခဲမှနိဗ္ဗာန်သို့ ထုတ်ဆောင်တော် မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝ မနုဿာနံ= သတ္ထာဒေဝမနုဿာနံမည်တော်မူ၏။

## ၈—ဗုဒ္ဓဂုဏ်တော်အနက် ၂-ပါး

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဉာတိပိဉာမိနာစ ကာရဏေန=သဗ္ဗညုတဉာဏ်ဖြင့် ဉေယျဓမ် တရား ၄ ပါးကို သိတော်မူတတ်သည်၏အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ=ဗုဒ္ဓ မည်တော်မူ၏။

၂။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဉာတိပိ ဉာမိနာစ ကာရဏေန=အရဟတ္တမဂ် ဉာဏ်တော်မြတ်ဖြင့် လေးရပ်သော သစ္စာတို့ကို သိတတ်၊ သိစေတော် မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့် လည်း။ ဗုဒ္ဓေါ=ဗုဒ္ဓမည်တော်မူ၏။

## ၉—ဘဂဝါဂုဏ်တော်အနက် ၈-ပါး

၁။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဉာတိပိ ဉာမိနာစ ကာရဏေန=ဣဿရိယ၊ဓမ္မ၊ ယသ၊သိရီ၊ကာမ၊ ပယတ္တ မည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော် မူတတ်သည်၏

အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့်လည်း။ ဘဂဝါ=ဘဂဝါ မည်တော်မူ၏။

၂။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန= မဂ်ဖိုလ်စသည့် မဗ္ဗရတနာ အရိယာကို ထင်စွာပိုင်းခြား အဖို့အားဖြင့် ဟောကြား ဝေဖန် တော် မူတတ်သည်၏ အဖြစ်တည်း ဟူသော ဤ အကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဝါ မည်တော် မူ၏။

၃။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန= သေးတန်သော ပစ္စည်းကို ခံယူခြင်းငှာ ထိုက်သော အဖို့ရှိတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဝါ မည် မည်တော်မူ၏။

၄။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=အလုံးစုံသော တရားတို့ကို ဝေဖန်ခွဲခြား၍ ဟောကြားတော်မူ တတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဝါ မည် တော်မူ၏။

၅။ သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန=မာရ် ငါးပါးကို ထွားထွား ညက်ညက် ချိုးဖွဲ့ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်တည်းဟူသော

၍အကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဝါမည်တော်မူ၏။

၆။ သော ဘဂဝါ=ထိုမြတ်စွာ ဘုရားသည်။ ကူတိပိ ကူမိနာစ ကာရဏေန=ဒါန, သီလ အစရှိသော ပါရမီဘော်၏ အထွတ်အထိပ်သို့ရောက်သော ဘုန်းတော်နှင့်ပြည့်စုံတော်မူသည်၏ အဖြစ်တည်းဟူသော ၍အကြောင်းကြောင့် လည်း။ ဘဂဝါ=ဘဂဝါမည်တော်မူ၏။

၇။ သော ဘဂဝါ=ထိုမြတ်စွာ ဘုရားသည်။ ကူတိပိ ကူမိနာစ ကာရဏေန=ဘဝဂ် အဆုံး ဖြစ် သော နိဗ္ဗာန်သို့ သွားရောက်တော်မူတတ်သည်၏ အဖြစ်တည်းဟူသော ၍အကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဝါ မည်တော်မူ၏။

၈။ သော ဘဂဝါ=ထိုမြတ်စွာ ဘုရားသည်။ ကူတိပိ ကူမိနာစ ကာရဏေန=အရှိအသေ အလေးပြုအပ်သော ကျေးဇူးနှင့်ယှဉ်သည်ဖြစ်၍ ဗြဟ္မာနတ်လူတို့၏ အလေး အမြတ်ပြုရာ ဆရာတဆူဖြစ်တော်မူသည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဂါမည်တော်မူ၏။

## ပီတိကို ခယဝယအားဖြင့် ဆင်ခြင်

ယင်းသို့ဘုရားရှင်၏ဂုဏ်တော်များကိုအဖန်ဖန်ရှုဆင်ခြင်လျှင် ဂမ်းမြောက်ခြင်း ပီတိများ ဖြစ်လာပါလိမ့်မည်။ ယင်းပီတိကို

ကုန်တတ်သော ခယသဲဘောအားဖြင့်လည်းကောင်း၊ပျက်တတ်သော ယေသဘောအားဖြင့် လည်းကောင်း ရှုဆင်ခြင်ရာ၏။

## ဗုဒ္ဓါနုဿတိ ဘာဝနာအကျိုး အာနိသင်

ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓါနုဿတိ ဘာဝနာကို မဆုတ်မနစ် ပွားများခဲ့လျှင်ရာဂ၊ဒေါသ၊မောဟနှိပ်စက်သော စိတ်မဖြစ်နိုင်ပဲ ဂုဏ်တော်ဝယ် စွဲမြဲဖြောင့်မတ်သောစိတ်ဖြင့်ကာ မကြာမီ သမထ နိမိတ်လမ်းဖြောင့်တန်းရိုက်စိတ်ပြေးဝင်လျက်ရှိလေ၏။ ထိုအခါ ရာဂစသည် မနှိပ်စက်နိုင်သဖြင့် နိဝရဏ ကင်းကွာ၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အင်္ဂါငါးပါးရှိသော ဥပစာရစျာန်ကို ရလေ၏။ဂုဏ်တော်တခုသည်ပင်လျှင် ရေမတ်ဖြစ်၍ နက်နဲလှသဖြင့် ရေနက်ငယ် လှေနစ်သကဲ့သို့ သမထဘာဝနာစိတ် ရပ်တည်၍ ရနိုင်သောကြောင့်လည်းကောင်း၊ များလှစွာသော ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့် ငုပ်စုပ်နစ်နစ် သက်ဝင် ယုံကြည်ရသောကြောင့် လည်းကောင်း အပ္ပနာစျာန်မူကား မဖြစ်စေနိုင်ဟု မှတ်သားရာ၏။ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများ အားထုတ်သူသည်—

၁။ ဘုရားမြတ်စွာ၌ များစွာရိုသေမှုရှိခြင်း၊

၂။ တုပ်ဝပ်ကျိုးနွံမှုများခြင်း၊

၃။ သဒ္ဓါ သတိ ပညာပြန့်ပြောခြင်း၊

၄။ ကုသိုလ်ပုညပြန့်ပြောခြင်း၊

၅။ ပီတိပါမောဇ္ဇများခြင်း၊

၆။ ဘေးငယ်ဘေးကြီး အသီးသီးကို သည်းခံနိုင်ခြင်း၊

၇။ ဆင်းရဲဒုက္ခကို မကြောက်တတ်ခြင်း၊

၈။ ဘုရားသဗ္ဗညုဘနှင့်အတူနေရ၏ဟူသော အမှတ်သညာကို ရခြင်း၊

၉။ ဗုဒ္ဓါနုဿတိဘာဝနာ စွဲနေကိန်းအောင်းရာ ဤခန္ဓာကိုယ်သည် စေတီနှင့်တူခြင်း၊

၁၀။ အပူဇော်ခံထိုက်ခြင်း၊

၁၁။ ဘုရားဖြစ်ရန် စိတ်ညွတ်ခြင်း၊

၁၂။ မကောင်းမှုပြုစရာကြုံလျှင် ဘုရားရှင်မြင်ရသည့်အတွက် ဟိရီဩတ္တပ္ပဝင်ခြင်း၊

၁၃။ ယင်း ဗုဒ္ဓါနုဿတိ ဥပစာရစျာန် သမာဓိ၌ တည်၍ ဝိပဿနာပွားများလျှင် မဂ်ဖိုလ်ရနိုင်ခြင်း၊

၁၄။ မဂ်ဖိုလ် မရလျှင် လူ့ရပ်နတ်ထံ သုဂတိ ဘုံဘဝ၌ လားရခြင်းဟူသော အကျိုးများကိုရရှိလေသည်[၁]။

(ဆောင်) ဘုရားပရမေ၊ ရှိခိုးသကျို'နွံ'၊ တဖန်သဒ္ဓါ၊ ပညာသတိ၊
ပြန့်ခပြောဘိ၏၊ သိခလတာဝ်၊ ပုညပွားစီး၊ ပီတိပါမောဇ္ဇ၊
လွန်များလှ၏။ ဘယဘေရဝ၊ ဒုက္ခထန်တန်၊ သည်း

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၀၆။

ညည်းခံ၏၊ ဘုန်းလျှံရမေ၊ တူကွနေရ၊ သညာရလေ၊
စေတီအိမ်တူ၊ ရူပကာယ၊ ဗုဒ္ဓဖြစ်ရန်၊ စိတ်ညွှတ်ပြန်ဘိ၊
ဟိရိဩတ္တပ္ပ၊ ထင်လာရနှင့်၊ မဂ္ဂဖလ၊ မသိရလျှင်၊
ဘုံခွင်သုဂတိ စံရဘိသည်၊ ဗုဒ္ဓါနုဿတိ၊ စွမ်းချည်
တည်း။

ယင်း ဗုဒ္ဓါနုဿတိဘာဝနာ၏များမြတ်သောအကျိုးရှိသည် ဖြစ်ရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ကျမ်းပြုလိမ္မာ အဋ္ဌကထာ ဆရာသည်—

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဗုဒ္ဓါနုဿတိယာ သဒါ-

ဟူသောဂါထာဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရန် တိုက်တွန်းတော်မူခဲ့လေသည်။

**ဂါထာအနက်။** ။တသ္မာ=ထိုသို့ ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးအာနိသင် အလွန်လျှင်များသည်၏ အဖြစ်ကြောင့်။ သုမေဓသော=သဗ္ဗညု ဘုရားမြတ်၌ လေးမြတ်ကြည်ညိုကောင်းသော အသိဉာဏ်ရှိသူသည်။ ဟဝေ=စင်စစ်ကေန် အမှန်အားဖြင့်။ ဧဝံမဟာနုဘာဝါယ=သို့စင်ကာလောက် မြားမြောက်သော အာနုဘော်ရှိသော။ ဗုဒ္ဓါနုဿတိယာ=ဘုရား ဧ်နော် မြတ်ဂုဏ်တော်ကို ကော်ရော် လေးမြတ် ဖန်ဖန်မပြတ် ပွားများမှု၌။ သဒါ=နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ အပ္ပမာဒံ=

ဂုဏ်တော်ထုံမွှေ ယောဂီခလုပ်ဖြင့် မင်းမှုခြင် ကို။ ကယိနုထ=ကြို တောင်ကြူခဲ့ ကျွဲသားသနားပွဲဝယ် အားခဲ၍သာ ပွားများကြိုး ကုတ် အားထုတ်ပြုလုပ်ရာသတည်း။

## ဗုဒ္ဓါနုဿတိထုံသော မိဖုရားစောလုံ

သက္ကရာဇ် ၆၁၇–၆၄၈–တွင် ပုဂံပြည်၌ မင်းပြုသော နရသီဟပတေ့ မင်းကြီး၏ မိဖုရားစောလုံသည် မင်းကြီး စားတော်ဝယ် မဆေးထည့်သဖြင့် မင်းကြီးသိ၍ စစ်မေးလေရာ မိဖုရားစောလုံက — ဟယ် .... ပန်းပွတ်သည်မြေး၊ နေ့အခါ ရေဖျန်းတစားစဉ် မောင်းငယ်ကို နှုတ်ထည့်၍ အများ ရှေ့တွင်အဝတ်အစား ဦးဆံ ရွှဲရွှဲစိုအောင် ရေပက်စေရသလော၊ နင့်ကို ငါ နှလုံးဆောင်၍ကြံသည်ဆိုလေ၏။

ထိုအခါ မင်းကြီးသည် လွန်စွာ ဒေါသထွက်သဖြင့် ပန်းပဲ တတောင်ခေါ်၍ သံကျပ်စင် ပြုလုပ်ပြီးလျှင် ကျပ်တင်ရမည်ဟု အမိန့်ချ၏။ စောလုံသည်သံကျပ်စင်မပြီးမီ ၇–ရက်ပတ်လုံးသီတင်း သီလ ဆောက်တည်၍ အဘိဓမ္မာတရားနာယူ၍ ဘုရားဂုဏ်တော် များကိုနေ့စဉ်မပြတ်ပွားများ၏။ သံကျပ်စင်ပြီးသောအခါ မိဖုရား စောလုံသည် ဘုရားဂုဏ်တော်ကို အောက်မေ့ကာ သံကျပ်စင်ရဲရဲ ပေါ်သို့ တက်ရာ ၃–ကြိမ်တိုင် မီးငြိမ်း၏။ ထို့နောက် "ငါသည် တကောချောင်းမိ ကျွမ်း၍ ပျောက်စေသော" ဟု ဓိဋ္ဌာန်ပြုလေရာ မီးငြိမ်းသတတ်။

ထိုမှတပါး မဟာကပ္ပိနမင်းကြီးသည် အမတ် တထောင်နှင့် တကွ ဂုဏ်တော်ဆင်ခြင်၍မြစ်၃-တန်ကို မြင်းစီး၍ကူးနိုင်ကြလေသည်။ အနော်ဇာဒေဝီအမှူးရှိသော အမျိုးသမီး တထောင်တို့သည် ဂုဏ်တော်ဆင်ခြင်၍ ရထားစီးကာ မြစ် ၃-တန်ကို ကူးနိုင်ကြလေသည်။ လူတယောက်သည် ဂုဏ်တော်ကိုဆင်ခြင်၍ အစိရဝတီမြစ်ကိုကူးလေသည်။ အနာထပိဏ်သဌေးကြီးသည်ဂုဏ်တော်ကို ဆင်ခြင်၍ ဘုရားဖူးသွားရာ ကိုယ်ရောင်ထွန်းပလာ၏။ ဤသို့စသည်ဖြင့် အကျိုးအာနိသင် များလှပေသည်။

## မေတ္တာဘာဝနာ

(၁) သတ္တဝါများကိုကောင်းစေလိုခြင်းအကျိုးကိုလိုလားမှုမေတ္တာ၊ (၂) ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းကရုဏာ၊ (၃) သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းမုဒိတာ၊ (၄) သတ္တဝါ ပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းသဘော ဥပေက္ခာဟူသော—ဤ ၄-ပါးတွင် တပါးပါးဖြင့် နေခြင်းသည် ဗြဟ္မာတို့၏နေခြင်းနှင့် တူသောကြောင့် ဤ ၄-ပါးကို ဗြဟ္မဝိဟာရဟု ခေါ်သည်။ ယင်းဗြဟ္မဝိဟာရ စိတ်ကိုထုံမွမ်းထားခြင်းကို ဗြဟ္မဝိဟာရ ဘာဝနာဟု ခေါ်သည်။

မေတ္တာပို့ရာ မေတ္တာဖြင့် ထုံမွမ်းခြင်းကို မေတ္တာဘာဝနာဟု ခေါ်သည်။ ယင်းမေတ္တာဘာဝနာကို—အားလုံး သတ္တဝါ တွေ

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ-ဟူ၍လည်း အကျဉ်းပွားများရာ၏။

## မြန်မာလို အထူးမေတ္တာပို့

(၁) ငါဟုခေါ်ရာ ဤခန္ဓာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၂) မာတာ ပိတာ ဤနှစ်ဖြာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၃) အာစရိယာ မြတ်ဆရာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၄) ဉာတိမိတ္တာ ဆွေသဟာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၅) ကိုယ်မှာ စောင့်လာ နတ်ဒေဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၆) အိမ်ခြံစောင့်လာ နတ်ဒေဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၇) မြို့ရွာစောင့်လာ နတ်ဒေဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၈) တောတောင်စောင့်လာ နတ်ဒေဝါ ချမ်းသာကိုယ်စိတ်
မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၉) ဘုမ္မစိုးမဟာ နတ်ဒေဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၁၀) ရုက္ခစိုးမဟာ နတ်ဒေဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၁၁) အာကာသစိုး နတ်မျိုးဒေဝါ အပြာပြာ ချမ်းသာကိုယ်
စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

## မရည်စူးသော အနောဓိသ မေတ္တာပို့

(၁) သဗ္ဗေသတ္တာ များသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၂) သဗ္ဗေပါဏာ ထွက်သက်ဝင်သက်ရှိ သတ္တဝါ ချမ်းသာ
ကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၃) သဗ္ဗေဘူတာ ကိုယ်ထင်ရှားရှိသတ္တဝါ ချမ်းသာကိုယ်စိတ်
မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

(၄) သဗ္ဗေ ပုဂ္ဂလာ မုဂ္ဂိုလ် သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

(၅) သဗ္ဗေအတ္တဘာဝပရိယာပန္နာ အတ္တဘောမှာကျုံးဝင်ဆော သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

## ရည်စူးသော ဩဒိဿမေတ္တာပွါး

(၁) သဗ္ဗာ ဣတ္ထိယော ထူးပြောလုံးစုံ အပုံများစွာ မိန်းမတို့မှာ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၂) သဗ္ဗေ ပုရိသာ ယောကျာ်းများမှာချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၃) သဗ္ဗေ အရိယာ အရိယာ သူတော်မြတ်တို့မှာချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၄) သဗ္ဗေ အနရိယာ ပုထုဇဉ်တို့မှာ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိဖြစ်ပါစေ။

(၅) သဗ္ဗေ ဒေဝါ နတ်တို့မှာ ချမ်းသာကိုယ်စိတ်ပြပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲခရှိဖြစ်ပါစေ။

(၆) သဗ္ဗေ မနုဿာ လူ့ဘို့မှာ ချမ်းသာကိုယ်စိတ် ပြပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲခရှိဖြစ်ပါစေ။

(၇) သဗ္ဗေ ဝိနိပါတိကာ အပါယ်သား တို့မှာ ချမ်းသာ
ကိုယ်စိတ် ပြပါစေ။
ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲခရှိဖြစ်ပါစေ။

## မေတ္တာသုတ်လာ မေတ္တာပွါး

(၁) ကြောက်တတ်မကြောက်တတ် နှစ်ချပ်များစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ်ပြပါစေ။

(၂) မြင့်ဖူး,မမြင်ဖူး နှစ်ဦးများစွာသတ္တဝါ ချမ်းသာကိုယ်
စိတ်ပြပါစေ။

(၃) ဝေးနေ, နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာ
ကိုယ်စိတ် ပြပါစေ။

(၄) ဘဝဇာတ်သိမ်း, မသိမ်း များစွာ သတ္တဝါ ချမ်းသာ
ကိုယ်စိတ် ပြပါစေ။

(၅) ရှည်တိုအလတ် သုံးချပ်ခွဲသာ သတ္တဝါ ချမ်းသာကိုယ်
စိတ်ပြပါစေ။

(၆) ကြီးငယ်အလွတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(၇) ဆူကြုံအလွတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

## မေတ္တာဘာဝနာ ပါဠိအနက်

(၁) အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

(၂) မာတာ ပိတု အာစရိယ ဉာတိမိတ္တသမူဟာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၃) အာရက္ခ ဒေဝတာ ရုက္ခဋ္ဌ ဒေဝတာ ဘုမ္မဋ္ဌ ဒေဝတာ အာကာသဋ္ဌ ဒေဝတာ အဝေရာ ဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု။

(၄) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ။

(၅) ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ သဗ္ဗေသတ္တာ....ကမ္မဿကာ။

(၆) ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု ယေ သတ္တာ ပထဝီစရာ၊
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

(၇) ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု ယေ သတ္တာ ဥဒကေစရာ၊
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

(၈) ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု ယေသတ္တာ အာကာသေစရာ၊
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

(၁) အဟံ=ငါသည်။ အဝေရော=တွင်းပန်စ်တန် ရန်မရှိသည်၊ ဟောမိ=ဖြစ်ရပါလို၏။ အဗျာပဇ္ဈော=စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိသည်။ ဟောမိ=ဖြစ်ရပါလို၏။ အနီဃော=ဆင်းရဲခြင်းမရှိသည်။ ဟောမိ=ဖြစ်ရပါလို၏။ သုခီ=ချမ်းသာခြင်းရှိသည်ဖြစ်၍၊ အတ္တာနံ=မိမိကိုယ်ကို။ ပရိဟရာမိ=ရွက်ဆောင်နိုင်ရပါလို၏။

(၂) မာတာပိတု အာစရိယ ဉာတိမိတ္တသမူဟာ=မိဘဆရာ ဉာတကာမိတ်ဆွေ အပေါင်းတို့သည်။ အဝေရာ=ရန်မရှိကြကုန်

သည်၊ ဟောန္တု = ဖြစ်ကြပါစေကုန်သတည်း၊ အဗျာပဇ္ဇာ = စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြကုန်သည်။ ဟောန္တု = ဖြစ်ကြပါစေကုန်သတည်း၊ အနီဃာ = ဆင်းရဲခြင်းမရှိကြကုန်သည်။ ဟောန္တု = ဖြစ်ကြပါစေကုန်သတည်း။ သုခီ = ချမ်းသာခြင်း ရှိကြကုန်သည် ဖြစ်၍၊ အတ္တာနံ = မိမိကိုယ်ကို၊ ပရိဟရန္တု = ရွက်ဆောင် နိုင်ကြစေကုန်သတည်း။

(၃) အာရက္ခဒေဝတာ = ကိုယ်စောင့်နတ် တောစောင့်နတ် တောင်စောင့်နတ်တို့သည်လည်းကောင်း။ ရုက္ခဒေဝတာ = ရုက္ခစိုးနတ်တို့သည် လည်းကောင်း၊ ဘုမ္မဒေဝတာ = ဘုမ္မစိုးနတ်တို့သည်လည်းကောင်း၊ အာကာသဒေဝတာ = အာကာသစိုး နတ်တို့ သည် လည်း ကောင်း၊ အဝေရာ = ရန် မရှိကြ ကုန် သည်၊ ဟောန္တု = ဖြစ်ကြပါစေ ကုန်သတည်း၊ အဗျာပဇ္ဇာ = စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိကြကုန်သည်။ ဟောန္တု = ဖြစ်ကြ ပါစေကုန်သတည်း၊ အနီဃာ = ဆင်းရဲမရှိကြကုန်သည်။ ဟောန္တု = ဖြစ်ကြပါစေကုန်သတည်း၊ သုခီ = ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ = မိမိကိုယ်ကို၊ ပရိဟရန္တု = ရွက်ဆောင် နိုင်ကြ ပါစေကုန်သတည်း။

(၄) သဗ္ဗေ = အလုံးစုံကုန်သော၊ သတ္တာ = အာရုံ၌ကပ်ငြိခြင်း ရှိကြကုန်သော၊ ပါဏာ = ထွက်သက် ဝင်သက် ရှိကြကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ သဗ္ဗေ = အလုံးစုံကုန်သော၊ ဘူတာ = ဥပပါတ် ပဋိသန္ဓေ နေကြကုန်သော သူတို့သည် လည်းကောင်း။ သဗ္ဗေ = အလုံးစုံကုန်သော ။ ပုဂ္ဂလာ = ပုဂ္ဂိုလ်တို့သည်

လည်းကောင်း။ သဗ္ဗေ=အလုံးစုံကုန်သော။ အတ္တဘာဝပရိယာ
ပန္နာ=ခန္ဓာကိုယ်အတ္တဘော၌ အကျုံးဝင်သောတို့သည် လည်း
ကောင်း။ သဗ္ဗာ=အလုံးစုံကုန်သော။ ဣတ္ထိယော=မိန်းမတို့သည်
လည်းကောင်း။ သဗ္ဗေ=အလုံးစုံကုန်သော။ ပုရိသာ=ယောကျ်ား
တို့သည်လည်းကောင်း။ သဗ္ဗေ=အလုံးစုံကုန်သော။ အရိယာ=
အရိယာ ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ သဗ္ဗေ=အလုံးစုံ ကုန်
သော။ အနရိယာ=ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ သဗ္ဗေ=
အလုံးစုံကုန်သော။ ဒေဝါ=နတ်တို့သည်လည်းကောင်း။ သဗ္ဗေ=
အလုံးစုံကုန်သော။ မနုဿာ=လူတို့သည်လည်းကောင်း။ သဗ္ဗေ=
အလုံးစုံကုန်သော။ ဝိနိပါတိကာ=ဖရိုဖရဲပျက်စီး၍ကျတတ်သော
အပါယ် သတ္တဝါတို့သည်လည်းကောင်း။ အတ္ထိ=ရှိကြကုန်၏။
တေသဗ္ဗေ=ထိုအလုံးစုံကုန်သော သတ္တဝါတို့သည်။ အဝေရာ=
တွင်းပန္နစ်တန် ရန်မရှိကြကုန်သည်။ ဟောန္တု=ဖြစ်ကြပါစေကုန်
သတည်း။ အဗျာပဇ္ဇာ=စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြကုန်
သည်။ ဟောန္တု=ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ=ဆင်းရဲ
ခြင်း မရှိကြကုန်သည်။ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။
သုခီ= ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍ အတ္တာနံ=မိမိကိုယ်
ကို။ ပရိဟရန္တု= ရွက်ဆောင်နိုင်ကြပါစေ ကုန်သတည်း။
ဒုက္ခာ=ဆင်းရဲ အပေါင်းမှ။ မုစ္စန္တု=လွတ်မြောက်နိုင်ကြပါစေ
ကုန်သတည်း။ ယထာလဒ္ဓသမ္ပတ္တိတော= ရရှိပြီ စည်းစိမ်
ချမ်းသာမှ။ မာဝိဂစ္ဆန္တု= မကင်းကြ ပါစေကုန် သတည်း။
ကမ္မဿကာ=ကံသာလျှင် မိမိ ဥစ္စာရှိကြကုန်၏။

(၆၊၇၊၈) ဥဒ္ဓံ=အထက်သို့၊ ယာဝဘဝဂ္ဂါစ=ဘဝဂ် တိုင်အောင် လည်း၊ ကောင်း၊ အဓော=အောက်မှ၊ ယာဝအဝီစိတော=အဝီစိတိုင်အောင် လည်းကောင်း။ သမန္တာ=ထက်ဝန်းကျင်ဖြစ်ကုန်သော၊ စက္ကဝါဠေသု=စကြဝဠာတိုက်တို့၌။ ယေသတ္တာ=အကြင်သတ္တဝါတို့သည်၊ ပထဝီစရာ=မြေ၌ ကျက်စားကြကုန်၏။ (ဥဒကေစရာ=ရေ၌ကျက်စားကြကုန်၏။ အာကာသေစရာ=ကောင်းကင်၌ ကျက်စားကြကုန်၏။) တေသတ္တာ=ထိုသတ္တဝါတို့သည်၊ အဗျာပဇ္ဈာ=စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိကြကုန်သည်။ ဟောန္တု=ဖြစ်ကြပါစေကုန်သတည်း။ နိဝေရာ စ=ရန်မရှိကြကုန်သည်လည်း၊ ဟောန္တု=ဖြစ်ကြပါစေကုန်သဘည်း။ အနုပဒ္ဒဝါ=ကပ်၍ နှိပ်စက်တတ်သော ဘေးရန်မရှိကြကုန်သည်၊ ဟောန္တု=ဖြစ်ကြပါစေကုန်သဘည်း။

## ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ

အနောဓိသမေတ္တာ ၂၀။

(၁) သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ( ၄-ပါး )

(၂) သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု....ပရိဟရန္တု၊(၄-ပါး)

(၃) သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု....ပရိဟရန္တု၊(၄-ပါး)

(၄) သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု....ပရိဟာရန္တု၊ (၄-ပါး)

(၅) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ ဟောန္တု...ပရိဟာရန္တု။ (၄-ပါး)

## ဒိသာမေတ္တာ ၂၀။

(၁) သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု....ပရိဟာရန္တု။ (၄-ပါး။)

(၂) သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု... ပရိဟာရန္တု။ (၄-ပါး။)

(၃) သဗ္ဗေ အရိယာ အဝေရာ ဟောန္တု.... ပရိဟာ ရန္တု။ (၄-ပါး။)

(၄) သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု.... ပရိဟာရန္တု။ (၄-ပါး။)

(၅) သဗ္ဗေ ဒေဝါ အဝေရာ ဟောန္တု.... ပရိဟာ ရန္တု။ (၄-ပါး။)

(၆) သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု .... ပရိဟာ ရန္တု။ (၄-ပါး။)

(၇) သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု....ပရိဟာရန္တု။ (၄-ပါး။)

(အနောဓိသ ၂၀၊ ဩဓိသ ၂၀။ ၂-ရပ်ပေါင်း ၄၀။)

## ဒိသာဖရဏ မေတ္တာ-၄၈၀

(၁) ပုရတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု။

(ကျွန်ုပ်နည်းဖြင့် အနောဓိသ,ဩဓိသ စုံအောင် မေတ္တာပို့ပါ။ ၄၈-ပါး)

(၂) ပစ္ဆိမာယ ဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု (စသည် ၄၈-ပါး)

(၃) ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ (စသည် ၄၈-ပါး)

(၄) ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊(စသည် ၄၈-ပါး)

(၅) ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊(စသည် ၄၈-ပါး)။

(၆) ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊(စသည် ၄၈-ပါး)

(၇) ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ (စသည် ၄၈-ပါး)

(၈) ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ (စသည် ၄၈-ပါး)

(၉) ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ (စသည် ၄၈-ပါး)

(၁၀) ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ (စသည် ၄၈-ပါး)

ဤကား အရပ်ဆယ်ပါးဖြင့် မှတ်အပ်သော ဒိသာဖရဏ မေတ္တာ ၄၈၀-ဖြစ်၏။ အရပ် ၁၀-ပါးဖြင့် မမှတ်အပ်သော မေတ္တာရိုးရိုး ၄၈-ပါးနှင့်ပေါင်း၍ (၅၂၈-ပါး) ငါးရာနှစ်ဆယ်ရှစ်သွယ်မေတ္တာဖြစ်သည်။

(ဆောင်) အနောဒိသ၊ ဩဒိသ၊ ထည့်ချပုဂ္ဂလာ။
အဝေရမှ၊ ရှေးဦးစ၊ မြောက်ကြ တု(န္တု)
လေးပြာ။
လေးဆယ့်ရှစ်ပါး၊ ပုဂ္ဂိုလ်များ၊ မမှားရသည်
သာ။

ယင်းကို့ဘာထပ်၊ဆယ်ပါးရပ်၊ မြှောက်လတ်ပွား
ပြန့်တာ။

အစွန်းရှစ်ဆယ်၊ လေးရာကယ်၊ ရဖွယ်မွန်လှစွာ။
လေးရာ့ရှစ်ဆယ်၊ သင်္ချာဝယ်၊ လေးဆယ့်ရှစ်
ဖြာ၊ရောက်လေပါ။

ငါးရာ့ နှစ်ဆယ်၊ စွန်းရှစ် သွယ်၊ ပြည့်ဖွယ်
မယုတ်ရာ ၁။

## မေတ္တာအကျိုး ၁၁-ပါး

မေတ္တာဘာဝနာ ပွားများ ရခြင်း၏ အကျိုး ၁၁-ပါးကို ဘုရားရှင်ဟောတော်မူသည်။ ယင်း ၁၁-ပါးကား—

(၁) ချမ်းသာစွာအိပ်ရခြင်း။
(၂) ချမ်းသာစွာနိုးရခြင်း။
(၃) အိပ်မက်ဆိုးမမက်ခြင်း။
(၄) လူတို့ချစ်ခင်ခြင်း။
(၅) နတ်တို့ချစ်ခင်ခြင်း။
(၆) နတ်များစောင့်ရှောက်ခြင်း။
(၇) မီးအဆိပ်ဓသည်တို့ မလောင်ခြင်း၊မသင့်ခြင်း။

---

၁။ ဒက္ခိဏာရာမဘုရားကြီးဆရာတော်အရှင်ဦးဇာဂရာဘိဝံသ၏ လင်္ကာ။ မန္တလေးသာသနာဝင် ၂။ ၇၁-ကြည့်။

(၈) စိတ်တည်ကြည်၍ သမာဓိရလွယ်ခြင်း။

(၉) မျက်နှာကြည်လင်ရွှင်လန်းခြင်း။

(၁၀) ကွယ်လွန်ခါနီးဝယ် မတွေဝေခြင်း။

(၁၁) အထက်အရဟတ္တဖိုလ်ကို မရလျှင် မေတ္တာစျာန်ကို ရ၍ ဗြဟ္မာ့ပြည်သို့ လားရခြင်း–

အားဖြင့် ၁၁-ပါးဖြစ်သည် ^၁^။

(ဆောင်) မေတ္တာအကျိုး၊ ဆယ့်တမျိုးကား၊ မှတ်သားဖွယ်ရာ၊ ကောင်းလှပါ၏၊ ချမ်းသာအိပ်နိုး။ အိပ်မက် ဆိုးလည်း၊ တစိုးတစိ၊ မမက်ဘိတော်င်း၊ လူပေါင်းချစ်ခင်၊ ထက်ခွင်ဒေဝါ၊ နတ်များစွာလည်း၊ လေးစားချစ်ခင်၊ မြတ်နိုးကြင်ပြီး၊ မီးဆိပ်စသား၊ ရှောင်ရှားကင်းကွာ၊ စိတ်မှာတည်ကြည်၊ မျက်နှာကြည်ပေ၊ သေခါနီးဝယ်၊ ကင်းကွယ်တွေဝေ၊ သေရမုချ၊ စျာနမေတ္တာ၊ မကွာလှလှ၊ ရကိုရလျက်၊ ထက်ရပ်ဗြဟ္မာ၊စံနေရသည်။ ။မှတ်လေ မေတ္တာပွားကျိုးတည်း။

၁။ အံ၊ ၃။ ၅၄၂ (မေတ္တသုတ်)

## မေတ္တာပွား ဆွမ်းစား ဆွမ်းခံ

ရဟန်းသာမဏေများမှာ ဆွမ်းစားလျှင်၊ သို့မဟုတ် ဆွမ်းခံလျှင် ဆွမ်းဒါယကာ ဆွမ်းဒါယိကာမတို့ကို မေတ္တာပို့လိုက်ရ၏။ စိတ်ထဲက ဆွမ်းဒါယကာ, ဒါယိကာမတွေ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေသည်ဖြင့် မေတ္တာပို့ရ၏။

အလွန်လျှင် တိုတောင်းလှသော လက်တတွတ် ကာလတွင် မေတ္တာပွားများလျှင်ပင် ဘုရားဇိနော် အဆုံးအမတော်ကို လိုက်နာပြုကျင့်ရာ ရောက်ကြောင်း သဒ္ဓါကြည်ဖြူလှူဒါန်းသည့် ဒကာ, ဒကာမတို့၏ ဆွမ်းကိုစားထိုက်ကြောင်း၊ မျှားမွှာပွားများလျှင် လာ၊ ဆိုဖွယ်ရာမရှိ အတိုင်းမသိ အကျိုးအာနိသင်ရှိကြောင်း၊

> အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာ
> စိတ္တံ အာသေဝတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု
> အရိတ္တဇ္ဈာနော ဝိဟရတိ၊သတ္ထုသာသနကရော ဩဝါဒ
> ပဋိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ကော ပန ဝါ-
> ဒေါ ယေန ဗဟုလီကရောန္တိ ၁—

ဟူ ဟောတော်မူ၏။

## မေတ္တာပွား ဆွမ်းခံသည့် အရှင်သုဘူတိမထေရ်

ကိလေသာမရှိပဲ နေလေ့ရှိသော ရဟန်းတို့တွင် တေဒဂ်နှင့် အလှူခံထိုက်သော ပုဂ္ဂိုလ်တို့တွင် တေဒဂ်ရ အနာထပိဏ်သဌေး

---

၁။ အံ၊ ၁၊၉။

၏ ညီတော် ဖြစ်သော အရှင်သုဘူတိမထေရ်သည် ထာဝစဉ် မေတ္တာဖြင့် နေလေ့ရှိတော်မူ၏။ ဆွမ်းခံရာ အိမ်ပေါက်တိုင်းမှာ ပင် ရွှေထုပ် ငွေထုပ်ကြီး စိန်ထုပ်ကြီးများကို ချပေးသကဲ့သို့ မေတ္တာပွား၍သာ ဆွမ်းခံလေ့ရှိသည် ^၁^။

## မေတ္တာစျာန်ဖြင့် နေက နိဗ္ဗာန်ရနိုင်

မေတ္တာကမ္မဋ္ဌာန်း မေတ္တာဘာဝနာအလုပ်ကို ကြိုးပမ်းအားထုတ်သော ရဟန်းများ၊ မေတ္တာအစွမ်းဖြင့် တိုက် စတုက္ကစျာန်ကို ဖြစ်စေသော ရဟန်းများ နိဗ္ဗာန်ကို သိမြင်နိုင်ကြောင်း—

မေတ္တာဝိဟာရီ ယောဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ^၂^ —

ဟူ၍ ဟောတော်မူသည်။

ဂါထာအနက်။ ။မေတ္တာဝိဟာရီ=နေ့ညဉ့်မကွာ မေတ္တာဖြင့်နေလေ့ရှိထသော။ ယောဘိက္ခု=အကြင်ရဟန်းသည်၊ ဗုဒ္ဓသာသနေ=ဘုရားမြတ်စွာ သာသနာတော်၌။ ပသန္နော=သဒ္ဓါရွှန်းစို ကြည်ညိုအံ့၊ သောဘိက္ခု=မေတ္တာဖြင့်ပျော် ထို ရဟန်းတော်သည်။ သင်္ခါရူပသမံ=ရုပ်နာမ်နှစ်ဝ သင်္ခါရဟု အပူမသန်း ငြိမ်းချမ်းရာလည်းဖြစ်သော။ သုခံ=ချမ်းသာအစစ် ကောန် ဖြစ်ပေသော။ သန္တံ ပဒံ=သန္တိသုခ ငြိမ်းချမ်းလှသည့် အမတသမိုက်

အမြိုက်ခေတ်ကို။ အဝိဂစ္ဆေ=မျက်မှောက် ကိုယ်တိုင် သိမြင်နိုင်ပေ၏။

## အသုဘ ဘာဝနာ

အသုဘဘာဝနာကိုလည်း အောက်ပါအတိုင်း ဆက်လက်ပွားများရာ၏။

ဝိညာဉ်ကင်းကွေ့ သူသေကောင်သည် မတင့်တယ် သကဲ့သို့ အသက်ဝိညာဉ် ရှင်နေသော ဤခန္ဓာကိုယ်သည်လည်း မတင့်တယ်ပါချေ။ တကယ်တော့ ရေမိုးချိုး၊ သုတ်သင်ပြီး အဝတ်ဆင်ထားသော တန်ဆာဖြင့်ဖုံးလွှမ်းထား၍သာ အသုဘ မထင်ရှားသည်။ စင်စစ်မှာကား အသက်ရှင်သော ခန္ဓာကိုယ် သည်လည်း မတင့်မတယ် ရွံစဖွယ်ပါတကား။

* သူသေပမာ၊ ဤခန္ဓာ၊ ရွံစရာ၊ မှန်ပေစွတကား။
အဝတ်တန်ဆာတို့ကြောင့်သာ၊ ရွံစရာ၊ မထင်ပါတကား။

ပင်ကိုရင်းရှိ ပကတိ သဘောအားဖြင့် ဤခန္ဓာကိုယ်သည် အရေထူ အရေပါးတို့ဖြင့်မြှေးယှက်ဖုံးလွှမ်းအပ်သော အသား, အကြော, အရိုး အပေါင်းစုသာတည်း။

* ပကတိနေ၊ ဤကာယေကား၊ ရေထူရေပါး၊ မြှေးယှက်ထားသည့်၊ သား ကြော ရိုးဟု၊ အစုအပေါင်းပါတကား။

ဤခန္ဓာကိုယ်ကား ငယ်ငယ် ကြီးကြီး အသီးသီး သော အပေါက်တွေများလှ၏။ သားဆီထည့်လှောင်ထားသော အိုးကွဲကွဲသို့ မပြတ်အောက်ထက် အရည်တွေ ယိုစီးထွက်ကျနေ၏။ ပိုးမျိုးရှစ်ဆယ်တို့၏ အိမ်ထောင်သားမွေး နေရာလဲဖြစ်၏။ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့၏တည်ရာလဲ ဖြစ်၏။ ဆင်းရဲဒုက္ခ အဂ္ဂဝတို့၏တည်ရာလဲဖြစ်၏၊ ပြည်မှည့်နေသော အနာကြီး ပမာ ကိုးဖြာဒွါရ အမာငတို့မှ နံ့ညှီတစိုစို ယိုနေ၏။

* ဤကိုယ်ကာခယေ၊ အပေါက်တွေ၊ မရေနိုင်အောင် များ များလှ၏[၁]။

သားဆီလှောင်သို၊ အိုးကွဲလို၊ ပုပ်ရည် တစိုစိုယိုနေ၏။

ပိုးလောက်များစွာ၊ အိမ်ထောင်ရှာ၊ မှန်စွာအစစ် ဖြစ်ချေ၏။

ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါ၊တည်ရာမသေ့ ဖြစ်ချေ၏။

ဆင်းရဲဒုက္ခ၊ အဝဝ၊ ဌာနမသေ့ မှန်ပေ၏။

ပြည်မှည့်နေငြား၊ အနာလားသို့၊ ကိုးပါးဒွါရ၊ အနာဝမှ၊ နံ့ညှီတစိုစို ယိုနေ၏။

တကယ်တော့ ခင်စရာမရှိပါဘူး။ ဤခန္ဓာကိုယ်ကြီးရဲ့ မစင်မိးမိး ယိုစီးထွက်ရာ ဒွါရကိုးပေါက်တို့မှ ထာငစဉ် မစင်မကြယ်

---

၁။ ချေးထွက်သည့်အပေါက်တွေပါဆိုလျှင် မရေမတွက်နိုင်အောင် များပါသည်။

ရှိစဖွယ်တွေယိုထွက်နေ၏။ မျက်စိနှစ်ဘက်မှ မျက်ချေးတွေ ယိုနေ၏။ နားတွင်းနှစ်ဘက်မှ နဖာချေးတွေယိုနေ၏။ နှာခေါင်းမှ နှပ်ချေးတွေယိုနေ၏။ ပါးစပ်မှ သလိပ်တွေ့ တံတွေးတွေ့ အစာဖတ်တွေ ယိုစီးအန်ထွက်နေ၏၊ အောက်ဒွါရနှစ်ပေါက်မှသည်း ကျင်ကြီးကျင်ငယ် ရွံဖွယ်တွေ ယိုထွက်နေ၏။

* ဒွါရကိုးသွယ်၊ ရွံစဖွယ်၊ တကယ်ယိုနေ၏၊
မျက်စိနှစ်တွေ၊ မျက်ချေးတွေ၊ မသေမှုချယိုနေ၏။
နားနှစ်ဘက်မှာ၊ ချေးနဖာ၊ မှန်စွာမသေ ယိုနေ၏။
နှာခေါင်းပေါက်မှာ၊ ရွံစရာ၊ များစွာနှပ်တွေယိုနေ၏။
ပါးစပ်ပေါက်မှာ၊ စားအစာနှင့်၊ သွားရည်သောား၊ ရွံဖွယ်များ၊ မခြားနေ့ည ယိုနေ၏၊
အောက်နှင်ပေါက်တွင်၊ ဘဖျင်ဖျင်၊ ကျင်ငယ်ကျင်ကြီး ယိုနေ၏။

ဤရုပကာယခန္ဓာကိုယ်ကြီးကားနံစော်ညှီလှောင်းမကောင်းသောအနံ့ရှိ၏။ မစင်မကြယ် ရွံစဖွယ်ဖြစ်၏။ အပုပ်အဘီပြီး၏။ ကျင်ကြီးတွင်းနှင့်လဲ တူ၏။ တကယ်တော့ ပညာမျက်စိမရှိတဲ့ ပုထုဇဉ်မိုက်တို့ ကြိုက်နှစ်သက်ကြသည်။

* နံစော်ညှီလှု၊ ဤကာယ၊ မုချစက်ဆုပ်ဖွယ်ပါတကား။
အပုပ်ဟူဘိ၊ အပြီးပြည့်၊ ငြီးငွေ့ရွံစရာပါ တကား။
ကျင်ကြီး တွင်းနှယ်၊ ရွံစဖွယ်၊ တကာယ် တူလှချေ၏ တကား။

ဤခန္ဓာကိုယ်ကြီးရဲ့ အဘွင်းသားဟာ ပြင်ပကာသာနေသျှင် တွတ်ကိုင်ပြီး ခွေးတွေ ကျီးကန်းတွေကို တချစပ် ခြောက်နေရ ရမည် ဖြစ်ပေသည်။

* ဤကိုယ်ခန္ဓာ၊ တွင်းသည်သာလျှင်၊ ပြင်မှနေကာ၊ မျှားလှ ခွေးကျီး၊ သီးသီးသတ္တဝါ၊ ခြောက်၍သာ၊ မှုန်စွာနေရ ပုံသေတည်း။

## ၃၂—ကောဋ္ဌာသနှင့် အရိုး ၃၀၀–သီးခြားဆင်ခြင်

သစ်ပျဉ်မြက်ဝါး၊ သံကြိမ်အားကြောင့်၊ တိမ်းပါး မပြို၊ အိမ်ကြီးထုသို့၊ နှစ်ခုပစ္စည်း၊ ချည်တည်းစပ်ဖွဲ့၊ သုံး ဆယ့်နှစ်ခု၊ အစုကောဋ္ဌာ၊ ဤခန္ဓာမှာ၊ ကေသာစပျည်းဒွေ ဆသုညတည်း၊ နဝနဝုဘိ၊ ကောဋ္ဌိသဟာဿ၊ လောမတွက် ကိန်း၊ ဒွတ္တိံသသွား၊ သားဘစ်ကိုးရာ၊ ကိုးရာကြောမ၊ ရသယူဆောင်၊ ခုနစ်သောင်ရှိ၊ သဋ္ဌိသုံးရာ၊ အူမှာတိသ၊ ဒွေးဟတ္ထကိတ်၊ သလိပ်တခွက်၊ သွေးနှစ်ချက်ကား၊ လေး ကွန်းစားသည်၊ ပိုးကားရှစ်ဆယ် ရှိသတည်း။

အရိုးသုံးရာ၊ ဟူသည်မှာကား၊ နှာနှလုံးဦး၊ နဖူးတပါး၊ မျက်နားမေးရိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးပေါင်ခါး၊ ဒူးအစေ ရှေ့နေစကံ၊ ရောက်သည့်နှစ်ချက်၊ ဖမျက်မြင်းခေါင်း၊ မောင်းဖျားလျှေးမည်၊ လည်ခုနစ်ရိုး၊ ခေါင်းခွံကိုးတည်း၊ ချင်ရိုး စုဒ္ဒသ်၊ ဋ္ဌာရသ် ကျောက်မှုန်၊ နံနှစ်ဆယ့်လေး၊

၆။ အင်္ဂါကြီးငယ် တင့်တယ်၏-ဟု တစိမ့်စိမ့် ရှုလိုသော စရိုက်ရှိသော သူအား ငါကျိဗ္ဗတ္တက အလောင်းကောင် သင့်၏။

၇။ ရွှေငှက်ပျောသွင် မထင်ရှိးဆစ် ပြေပြစ်သော အရာ ဝတ္ထုတို့၌ စုံမက်သော စရိုက်ရှိသောသူအား ဟတ ဝိက္ခိတ္တက အလောင်းကောင် သင့်၏။

၈။ ရွှေတန်ဆာရောင် ပြောင်ပြောင်လက်လက် နှစ်သက် သော စရိုက်ရှိသူအား လောဟိတက အလောင်း ကောင် သင့်၏။

၉။ ငါတယောက်တည်း ပိုင်၏ဟု နိုင်နိုင်စိုးစိုး မြတ်နိုးသော စရိုက်ရှိသူအား ပုဠုဝက အလောင်းကောင် သင့်၏။

၁၀။ ဖြူဖွေးသောသွား ပုလဲကုံးအလားဟု အရိုးကျောပြင် ရှု၍ စုံမက်သောစရိုက်ရှိသူအား အဋ္ဌိကသင့်၏။ ရာဂ ငြိမ်းကြောင်း ဆေးကောင်းဖြစ်လေသည် [၁]။

## ပွားများပုံအမြွက်

ထိုတွင် မိမိရာဂစရိုက်နှင့် ကိုက်ညီသင့်လျော်သော အသုဘ တမျိုးမျိုးကို "ဥဒ္ဓုမာတကံ ပဋိကူလံ" သေသည်မှနောက် လေ ပြည့်သားရေအိတ်လို ပွရောင် ကျဲ့အလောင်းကောင်ကား စက်

၁။ ဝိသုဒ္ဓိ၊၁၊ ၁၈၈-ကြည့်။

ခြောက်ဆယ့်လေးထွေ၊ လက်ခြေရိုးနှ၊ ဤအစုကို၊ ငါဟု ထင်ယောင်မှားသတည်း[၁]။

**ရာဂစရိုက်ဆယ်မျိုးနှင့် အသုဘဆယ်မျိုး**

ရုပ်းပြင် သူသေကောင်ကို ကြည့်ရှု၍ လည်း အသုဘ ဘာဝနာ ပွားများရာသည်။ ယင်းသူသေကောင်၏ သဘော သည် ဆယ်မျိုးရှိ၏။ ရာဂစရိုက်လည်း ဆယ်မျိုးရှိသည်။ သို့ဖြစ် ရာ စရိုက်အားလျော်စွာ အသုဘဆယ်ပါးလာရှိသည်။

၁။ ပုံဟန်သဏ္ဌာန်ကို စုံမက်ချစ်ခင်သော စရိုက်ရှိသူအား ဥဒ္ဓုမာတကသူသေကောင်သင့်၏။ ရာဂငြိမ်းကြောင်း ဖြစ်၏။

၂။ အရေအဆင်း ဝါဝင်းပြုံဖွေး ညိုစိမ့်စိမ့်ကို စုံမက်သူ အား ဝိနီလက လူသေကောင် သင့်၏။

၃။ ပန်းနံ့သာတို့ဖြင့်စုံမက်သောစရိုက်ရှိသောသူအား ဝိပုဗ္ဗက အလောင်းကောင် သင့်၏။

၄။ မာမာကျစ်ကျစ် နှစ်သက်သော စရိုက်ရှိသော ပုဂ္ဂိုလ် အား ဝိစ္ဆိဒ္ဒက သူသေကောင် သင့်၏။

၅။ အိအိစက်စက်အသားပုံ စုံမက်သော စရိုက်ရှိသော ပုဂ္ဂိုလ်အား ဝိက္ခာယိတက အလောင်းကောင်သင့်၏။

---

၁။ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး။

ဆုတ်ဖွယ်ပါဘကားစသည်ဖြင့် ပွားရာ၏။ ပွားများဖန်များလျှင် မူဏသုဘအာရုံပျောက်၍ အဆင်းဆိုးကြောက်ဖွယ် မတင့်တယ်သော ဥဂ္ဂဟနိမိတ်ထင်လာ၏။ ၎င်းထင်လာသောအာရုံကို အာရုံပြု၍ဆက်လက်ပွားများလျှင် ဝဖြိုးသောသူကြီး အိပ်နေသကဲ့သို့ကြည်လင် ပြတ်သား ထင်ရှားစွာ ပဋိဘာဂနိမိတ် ထင်လာ၏။ ပဋိဘာဂနိမိတ်ထင်လာသောအခါ ကာမစ္ဆန္ဒအစရှိသော နီဝရဏငါးပါးကွာ၏။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသောဈာန်အင်္ဂါငါးပါးထင်ရှားဖြစ်၏။ ဤသို့ ပဌမဈာန်နှင့်တူသော ဥပစာရဈာန်သည် ထိုခဏ၌ဖြစ်၏။ ထို့နောက် ပဌမဈာန်ကို ရသည်။ ဝသီဘော်လည်း လေ့လာရသည်။ ဒုတိယဈာန် စသည်တို့ကား မဖြစ်နိုင်။

## အသုဘဘာဝနာ အကျိုးအာနိသင်

အသုဘဆယ်ပါးတို့တွင် တပါးပါး၌ ဈာန်ရသူသည် ရာဂကို ဖြောင့်စွာခွါခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ်နှင့် တူ၏။ လျှပ်ပေါ်လော်လီမှုမရှိ။ သီဟိုဠ်ကျွန်း အနုရာဓမြို့ အရှေ့ဘက်စေတိယတောင်၌ သီတင်းသုံးသော တိဿမထေရ်သည် ပြုံးရယ်သော မိန်းမငယ်၏သွား၌ အသုဘသညာကိုရ၍ ရဟန္တာဖြစ်လေသည်[၁]။ အရှင်သံဃရက္ခိတထေရ်၏တပည့် သာမဏေသည် ဆင်စီးလာသောမင်းကိုကြည့်၍ အသုဘသညာ ရခဲ့လေသည်[၂]။

၁။ ဝိသုဒ္ဓိ၊၁၊၂၀၊၁၀၀။
၂။ ဝိသုဒ္ဓိ၊၁၊၁၀၀။

ယင်းသို့ အကျိုးများလှလေရာ မင်ဖိုလ်ကို ရည်မှန်းသော ရဟန်းသည် အသက်ရှင်သော ကိုယ်၌ဖြစ်စေ၊ သေသူ၏ကိုယ်၌ ဖြစ်စေ မတင့်မတယ် ရှုစဖွယ်ဟု ရှုရာ၏။

## မရဏာနုဿတိဘာဝနာ

မရဏာနုဿတိဘာဝနာကိုလည်း အောက်ပါအတိုင်း အဖန်ဖန် အောက်မေ့ဆင်ခြင် သဘောပေါက်အောင် တွေးကြံ၍ ရွတ်ဆို ရာ၏။

"မရဏံ မေ ဘဝိဿတိ။ မေ=ငါ့အား၊ မရဏံ=သေခြင်း သည်၊ ဘဝိဿတိ=ဖြစ်လိမ့်မည်[၁]။ ရှေးဦးစွာနှလုံးသွင်း ဆင်ခြင် ပြီးလျှင် အောက်ပါလင်္ကာများကို ရွတ်ဆိုဆင်ခြင်ရာ၏။

* ကိုယ်နှင့်ရွယ်တူ၊ ကိုယ့်အောက်လူ၊ ကြီးသူသေကြ များလှပြီ။

ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲ သေဘက်နီးလှပြီ။

မသေရမီ၊ ဒါနသီလဘာဝနာမှု၊ အစုစု ပြုမှတော်လိမ့် မည်။

* သိုမှီးသိမ်းထား၊ ဥစ္စာများ၊ ပျက်ပြားနောက်ဆုံးသာ။ စပ်ကာချုပ်ထား၊ ခန္ဓာငါး၊ ပျက်ပြားနောက်ဆုံးသာ။ ကြုံလာဖြစ်လာ၊သတ္တဝါ၊သေရွာနောက်ဆုံးသာ။

---

၁။ စတုရာရက္ခဘာဝနာဒီပနီပါဠိနိဿယကြည့်။

* စွဲလာသသန္ဓေ၊ ဖြစ်တည်နေလာ၊ သတ္တဝါကား၊ ရပ်နားမရှိ၊ လိလိ ကြောက်ဖွယ်၊ သေရွာနယ်သို့၊ ဆုတ်တယ်မရှိ၊ တအိအိလျှောင်၊ အသွားနှင်သည်၊ စင်စစ်မုချ သေရမည် တည်း။

* မသေရန်ပ၊ ဝီရိယ မုချမရှိပြီ။
ပျို့မျစ်နုံနယ်၊ လူတုန်းရွယ်၊ တကယ်သေနိုင်သည်။
အရွယ်ယွင်းလာ၊ အိုမင်းခါ၊ မှန်စွာသေနိုင်သည်။
ဖြစ်ဖြင်ရှိလာ၊ သတ္တဝါ၊ မှန်စွာသေခြင်းမြဲလေသည်။

* ကိုယ့်အောက်ငယ်သူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
ကိုယ့်ထက်ကြီးသူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
ကိုယ်နှင့်ရွယ်တူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
ပညာရှိသူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
တန်ခိုးကြီးသူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
ဥစ္စာပေါသူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
ခွန်အားကြီးသူ၊ များဗိုလ်လူ၊ သေသူများလှပြီ။
သေနေ့စေ့က၊ တနေ့ကျ၊ ငါလဲသေရမည်။

* နံနက်စသား၊ ကာလများ၊ လွန်သွားလေကုန်ပြီ။
သုံးယံပိုင်းခြား၊ ညဉ့်အများ၊ ကုန်သွားလေကုန်ပြီ။
နေ့စက်နောက်အရွယ်၊ ရှေ့အရွယ်၊ စွန့်ပယ်လေကုန်ပြီ။
သေရန်အခါ၊ လွန်များစွာ၊ နီးလာခဲ့လေပြီ။

* မအိုပါရန်၊ အာမခံ၊ ကော်မရှိပြီ။
မဖျားနာရန်၊ အာခံ၊ ကောန်မရှိပြီ။
မိမိပြုစု၊ အကုသိုလ်ကံ၊ ကျိုးမသန်အောင်၊ ကြံဆောင်
ပြုမှု၊စွမ်းနိုင်သူ၊ ကယ်သူမရှိပြီ။

* သေရန်အန္တရာယ်၊ အသွယ်သွယ်၊ တကယ်များလှသည်။
မြွေကင်းကိုက်ကာ၊ မြန်မကြာ၊ မှန်စွာသေနိုင်သည်။
ချော်လဲ၍လဲ၊ ရှတ်ကနဲ၊ မလွဲသေနိုင်သည်။
သည်းခြေပျက်ကာ၊ မြန်မကြာ၊ မှန်စွာသေနိုင်သည်။
အလိပ်ရောဂါ၊ စွဲကပ်ကာ၊ မှန်စွာသေနိုင်သည်။
လေဖြတ်၍လဲ၊ ဖြုတ်ကနဲ၊ မလွဲသေနိုင်သည်။
မနာမီက၊ မြတ်ဓမ္မ၊ ကျင့်မှတော်လိမ့်မည်။
မအိုမီက၊ မြတ်ဓမ္မ၊ ကျင့်မှတော်လိမ့်မည်။
မသေမီက၊ မြတ်ဓမ္မ၊ ကျင့်မှတော်လိမ့်မည်။

* စက်ဆုပ်စဖွယ်၊ ရွံစဖွယ်၊ ဟယ်ဟယ်သင်္ခါရ။
ဖြစ်ချည်ပျက်ချည်၊ မတည်ကြည်၊ လောကီသင်္ခါရ။
အနှစ်သာရ၊ ရှာမရ၊ ညံ့လှသင်္ခါရ။
ငှက်ပျောတုံးသွင်၊ ပမာတင်၊ ဟင်ဟင်သင်္ခါရ။
မျက်လှည့်ရုပ်ဟူ၊ အလားတူ၊ သုံးယူမရ၊သင်္ခါရ။
တံလှပ်တမူ၊ အလားဘူ၊ သုံးယူမရ၊ သင်္ခါရ။
အချိန်ကာလ၊ တိုဘောင်းလှ၊ ခေတ္တခဏ၊သင်္ခါရ။
ဖြစ်သည်ပျက်သည်၊ မြဲမတည်၊ ချာလည် သင်္ခါရ။
သင်္ခါရကင်းရာ၊ အမတာ၊လွန်စွာ ချမ်းသာလှ။

* နေနွှင့်လလဲ၊ ချုပ်ပျက်စဲ၊ မလွဲရောက်ရသည်။
သင်္ခါရပေ၊ ချုပ်ပျက်စဲ၊ မလွဲရောက်ရသည်။
သူ့သဘာဝ၊ မည်သူမျှ၊ လွန်ရမရှိပြီ။

* လူ့ဦးကြီးတိ၊ သားအမိပင်၊ မခါကြယ်ရေး ကိုယ်လွတ်
ပြေးသည်၊ မီးဘေး ရေဘေး၊ ပြည်ပျက် ဘေးလည်း၊
ဆယ်ဒရေး တရေး၊ ကယ်နိုင်သေး၏။ အိုဘေးနာဘေး၊
သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊
သားနှင့် အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိ အောက်တွင်၊
ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊
လက်မှိုင်ချကာ၊ နေရစွာရှင့်။ (မန်လည်ဆရာတော်)

* သန္ဓေဇာတိ၊ ဇဖန်ငြိ၍၊တရိဘုံသူ၊(တြိဘုံသူ)အဆူဆူ
လျှင်၊ လူလူနတ်နတ်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြား
သော်၊ သုံးပါးအရွယ်၊စလယ်အဆုံး၊ရှိမြဲထုံးဖြင့်၊အနှုန်း
စဉ်စီ၊ သန္ဓေချီက၊ နာရီဆင်သင့်၊ အဆင့်ဆင့်လျှင်၊
ရင့်မြဲရော်မြဲ၊ တသဲသဲတည်း၊ မစဲနေညှ၊ တရွရွလျှင်၊
ခဏာသန္တတိ၊အင်္ဂါဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊
အကြီးအငယ်၊အရွယ်ခြားနား၊အစားစားလျှင်၊အသွား
သွင်သွင်၊ မစဲနှင်၏။ လေးအင်သေမှု၊ တခုခုလည်း၊
ဗဟုအန္တရာယ်၊အသွယ်သွယ်နှင့်၊ နှိ.နွယ်ရှုံးစည်း၊တလုံး
တည်းလျှင်၊ကြီးကြီးငယ်ငယ်၊အရွယ်မထောက်၊ အချိန်
ရောက်က၊ချုပ်ပျောက်ခန္ဓာ၊မြင်းသာသည်။ ။

ဇရာမဏာ စွမ်းရည်တည်း။

## မရဏာဿတိဘာဝနာအကျိုးအာနိသင်

ဤသို့ စသည်ဖြင့် ဖန်ခါ မမေ့အောက်မေ့လျှင် ဉာဏ်ထက် သူအား နိစ္စသညာကူးလျက် မရဏဿတိ အားရုံမြဲ၍ ဝိတက်, ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ အင်္ဂါငါးပါးရှိသော ဥပစာရစျာန် ကို ရလေ၏။ ယင်း မရဏဿတိ ဘာဝနာသည် ဥပစာရစျာန် ကိုသာ ဖြစ်စေနိုင်၏။ဥပစာရစျာန်ကို အခြေခံ၍ ဝိပဿနာဖြင့် ဖိုလ်ကို တက်နိုင်သည်။ ရုတ်ပြတ်ကြွ သေလွန်ခြင်း ဟူသည် သဘာဝမေ့မျက်စီးခြင်းမျှသာဖြစ်၍သဘာဝမေ့နှင့်အလားတူ သံဝေဂဉာဏ်ကို ဖြစ်စေနိုင်ရကား အပ္ပနာစျာန်ကို မရနိုင်ဟု မှတ်ရာ၏။ မရဏဿတိဘာဝနာကို ပွား‌များသူသည်-

၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ခြင်း၊

၂။ ဘုံသုံးပါးမှထွက်မြောက်လိုသော သညာကိုရလွယ်ခြင်း၊

၃။ အသက်ရှင်သော တွယ်တာမှုကင်းခြင်း၊

၄။ ကောင်းမှုကို ကဲ့ရဲ့ကျင့်ဆုံးခြင်း၊

၅။ ဥစ္စာပစ္စည်း မသိုမှီးလိုခြင်း၊

၆။ ကျောင်းသင်္ကန်းစသော ပစ္စည်းပရိက္ခရာ၌ ဝန်မတိုခြင်း

၇။ အနိစ္စသညာ အလေ့အလာရခြင်း၊

၈။ ဒုက္ခသညာ ထင်လွယ်ခြင်း၊

၉။ အနတ္တသညာမြင်လွယ်ခြင်း၊

၁၀။ မကြောက်မရွံ့ မတွေ့မဝေပဲ ကောင်းသော နိမိတ်ထင်၍ သေခြင်း၊

၁၁။ ယခုပက္ခတွင် အာသဝေါကင်း၍ နိဗ္ဗာန်ရနိုင်ခြင်း၊

၁၂။ နိဗ္ဗာန်မရလျှင် လူ့ရပ်နတ်ထံ သုဂတိဘဝသို့ ရောက်နိုင်ခြင်း-

ဟူသော အကျိုးများကို ရနိုင်လေသည်။

(ဆောင်) (၁) ကောင်းမှု ပြုရန်၊ မပေါ့တန်၊ မှတ် ရန် မရဏာဿတိ စွမ်းရည်တည်း။

(၂) ဘုံသုံးပါးတွင် မရှင်သည့်သာ၊ ရ၍လာ၊ မှတ်ပါ မရဏာဿတိ စွမ်းရည်တည်း။

(၃) သက် ခန္ဓာ ဝယ်၊ မခင် တွယ်၊ မှတ် ဖွယ် မရဏာဿတိ စွမ်းရည်တည်း။

(၄) မကောင်းမှုအလုပ်၊ လွန်စက်ဆုပ်၊ အဟုတ် မရဏာဿတိ စွမ်းရည်တည်း။

(၅) ဥစ္စာပစ္စည်း၊ မသိုမှီး၊ ကြီးလှ မရဏာဿတိ စွမ်းရည်တည်း။

(၆) ပစ္စည်းထွေထွေ၊ မစွဲကင်းကွာ၊ ထူးလှစွာ၊ မှတ်ပါ မရဏာဿတိ စွမ်းရည်တည်း။

(၇) (၈) (၉) အနိစ္စ, ဒုက္ခ, အနတ္တ, ထင် ထူးကျ
အင် ဆင်ခြင် မရဏဿတိ စွမ်းရည်တည်း။

၁၀။ မတွေမဝေ၊ သေလွန်ရ၊ ထူးလှ မရဏဿတိ
စွမ်းရည်တည်း။

၁၁။ ဤဘာဝတွင်၊ အဆင်သင့်လျှင်၊ ဝင်ရနိဗ္ဗာန်
အကျိုးတည်း။

၁၂။ နိဗ္ဗာန်မရ [1]၊ ဒေဝလူထံ၊ ရောက်ရပြန်၊
ဇာန်မရဏဿတိ စွမ်းရည်ဟည်း။

တသ္မာ ဟဝေ အပ္ပမာဒ်၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ မရဏဿတိယာ သဒါ [2]။

တသ္မာ=ထိုသို့ မရဏဿတိဘာဝနာ၏ အကျိုးအာနိသင်လွန်မျှားသည်၏ အဖြစ်ကြောင့်။ သုမေဓသော= နှလုံးစင်ဖြူကောင်းသော ပညာရှိသူသည်။ ဟဝေ=စင်စစ်ကေန် အမှန်အားဖြင့်။ ဧဝံ မဟာနုဘာဝါယ= သို့စင်ကလောက် မြားမြောက်သော အကျိုးရှိသော။ မရဏဿတိယာ=မရဏဿတိဘာဝနာ၌။ သဒါ=နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ အပ္ပမာဒ်= မမေ့

၁။ နိဗ္ဗာန်မရခဲ့လျှင် နတ်ပြည်လူ့ပြည်ရောက်ရသည်ဟု ဆိုလိုသည်။
၂။ ဝိသုဒ္ဓိမဂ်၊ ၁။ ၂၃၈။

မလျှော့ခြင်းကို၊ ကယိရာထ-သတိပညာ မကွာမလွတ် ပြုကျင့်ရာ၏။

## စတုရာရက္ခဘာဝနာကျမ်း အပြီးသတ်ခြင်း

၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့တွင် ဘာဝနာဂုဏ်ရည်ကျမ်း ရေးသား ပြီးဆုံးသဖြင့် ၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့မှစ၍ ဝိဘင်း ပါဠိတော်နှင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ချုပ်ပို ယင်း ကြားအချိန်တွင် အလွယ်တကူ ကြည့်ရှု လေ့လာ ပွားများလိုသူ ရဟန်းရှင်လူ ဥပါသကာ,ဥပါသိကာမတို့၏ အကျိုးငှာ ကျမ်းစုံကြည့်ရှု၍ ညှိ မည်သော စတုရာရက္ခဘာဝနာကျမ်းငယ်ကို ရေးသားပြုစုရာ ယနေ့ ၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄-ရက်နေ့ ညနေ ၅-နာရီ ၂၃-မိနစ်အချိန်တွင် အောင်လံစိုက်ဆောက် ပြီး မြောက်ပါသဖြင့် အောက်ပါ၊ သံပေါက်ဗျူးတို့ဖြင့် နိဂုံးအုပ် လိုက်ပါသည်။

### စတုရာရက္ခဘာဝနာကျမ်း နိဂုံးသံပေါက်များ

၁။ မှတ်ပါဒေလို၊ သံပေါက်ဆို၊ နောင်ကို သိစေရာ။

၂။ အကြောင်ငါမူ၊ ပဒုက္ကူ၊ စွဲယူသန္တိခါ။

၃။ တစ်နှစ်ကိုးနှစ်၊ သက္ကရာဇ်၊ ဖွားလစ်ထိုကောဇာ။

၄။ ဆယ့်လေးနှင်မှုဒ၊ သာသာနာ၊ ဝင်လာဒီထမ်းရွက်ပါ။

၅။ နှစ်ဆယ်ကျော်စ၊ နှစ်ကာဝကာ၊ ရရှိသမ္ပဒါ။

၆။ မန္တလေး ပခုက္ကူ၊ ကျမ်းဆူဆူ၊ ငါမှူသင်ယူပါ။

၇။ ကျွန်းလင်္ကာမှာ၊ ငါးနှစ်ကြာ၊ များစွာသင်ယူပါ။

၈။ ပခုက္ကူပိသုတာ၊ ကျောင်းတိုက်မှာ၊ ငါမှူမြဲနေလာ။

၉။ နိကာယ်ငါးဝ၊ ကျမ်းဂန္ထ၊ နိစ္စချပို့ပါ။

၁၀။ ကျမ်းပေါင်းဆူဆူ၊ စိတ်စင်ဖြူ၊ ငါမှူရေးခဲ့ပါ။

၁၁။ စတုံရာရက္ခ-ဘာဝနာမည်၊ ကျမ်းဂမ္ဘီ၊ ငါသည် ရေး လိုက်ပါ။

၁၂။ ဤကျမ်းပြုရ၊ မြတ်ပုညကြောင့်၊ အမတမည်၊ နိဗ္ဗာန် ပြည်၊ ငါသည် ရောက်ရပါစေသား။

၁၃။ သတ္တဝါပေါင်း၊ ချမ်းသာကြောင်း၊ ဆုတောင်း ပို့ မေတ္တာ။

စတုရာရက္ခဘာဝနာကျမ်း အလုံးစုံပြီး၏။

# အရှင်ကေလာသ ပြုစုသော ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကဏာသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ်ပါဠိအဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ်အဘိဓာန်။
၆။ သက္ကတမြန်မာအဘိဓာန်။
၇။ ပခုက္ကူသာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေးသာသနာဝင် ပဌမတွဲ။
၁၀။ ။ ဒုတိယတွဲ။
၁၁။ ။ တတိယတွဲ။
၁၂။ ။ စတုတ္ထတွဲ။
၁၃။ ။ ပဉ္စမတွဲ။
၁၄။ ။ ဆဋ္ဌမတွဲ။
၁၅။ ။ တွဲမသတ္တ။
၁၆။ ။ အဋ္ဌမတွဲ။
၁၇။ ။ နဝမတွဲ။
၁၈။ ။ ဒသမတွဲ။
၁၉။ ။ ဧကာဒသမတွဲ။
၂၀။ ။ ဒွါဒသမတွဲ။
၂၁။ ။ တေရသမတွဲ။

၂၂။ မန္တလေးသာသနာဝင်စုဒ္ဒသမတွဲ။
၂၃။ ။ ပန္နရသမတွဲ။
၂၄။ ။ သောဠသမတွဲ။
၂၅။ ။ သတ္တရသမတွဲ။
၂၆။ ။ အဋ္ဌာရသမတွဲ။
၂၇။ ။ ဧကူနဝီသတိမတွဲ။
၂၈။ ။ ဝီသတိမတွဲ။
၂၉။ ။ ဧကဝီသတိမတွဲ။
၃၀။ ။ ဒွါဝီသတိမတွဲ။
၃၁။ ။ တေဝီသတိမတွဲ။
၃၂။ ။ စတုဝီသတိမတွဲ။
၃၃။ ။ ပဉ္စဝီသတိမတွဲ။
၃၄။ ပုဂံ သာသနာဝင်။
၃၅။ ပင်းယ သာသနာဝင်။
၃၆။ အင်းဝ သာသနာဝင်။
၃၇။ စစ်ကိုင်း သာသနာဝင်။
၃၈။ အမရပူရ သာသနာဝင်။
၃၉။ စွန်းလွန်း ပဋိပတ္တိသာသနာဝင်။
၄၀။ သီဟိုဠ် ရဟန္တာများ။
၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၄၂။ စေတီယပ္ပတ္တိဒီပနီ။
၄၃။ ပခုက္ကူ ဘုရားစုံသမိုင်း။
၄၄။ ပခုက္ကူဘုရားသုံးဆူသမိုင်း။

၄၅။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၄၆။ ပခုက္ကူ စာချနည်း။
၄၇။ ပခုက္ကူ ရေစက်ချနည်းကျမ်း။
၄၈။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၄၉။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၅၀။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၅၁။ ပခုက္ကူ စာစပ်ကျမ်း။
၅၂။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၅၃။ ပခုက္ကူ ပရိတ်နိဿယကျမ်း။
၅၄။ ပါဠိပါဌမဥ္စူရီ ပါဠိဖတ်စာ။
၅၅။ ဥပုသ်ဆည်များလက်စွဲ။
၅၆။ တိပိဋကပါဠိမြန်မာ အဘိဓာန်အတွဲ-၉ (ပါဝင်ပြုစု)။
၅၇။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ-၁၀ (ပါဝင် ဦးစီးပြုစု)။
၅၈။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ-၁၁ (ပါဝင် ဦးစီးပြုစု)။
၅၉။ တိုက်အုပ်ဆရာတော်အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့် အဖိုးတန်စာပေများ။
၆၀။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရစရိတ။
၆၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရုပ္ပတ္တိဒီပနီ။
၆၂။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏထေရ ဂုဏ်ရည်။

၆၃။ ဝါးကန် ဆရာတော် အရှင်သုန္ဒ၏ ဝါးကန် ထေရ ဂုဏ်ရည်။

၆၄။ သံပုရာကုန်းဆရာတော် အရှင်အရိယ၏ အရိယ ထေရ ဂုဏ်ရည်။

၆၅။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင် ဉာဏုတ္တရ၏ မဟာဝိဇိတာရာမထေရာပဒါန်။

၆၆။ ရေစကြို ဆရာတော် ဘုရားကြီး အရှင် ဂန္ထသာရ၏ မဟာထေရ ဝုတ္တန္တဒီပိကာ။

၆၇။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ မဟာထေရလလိတ။

၆၈။ သာသနာပိုင်ဆရာတော် ဦးဥ‌ယျောထေရုပ္ပတ္တိ။

၆၉။ အရှင်သုန္ဒရ ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ်ပါဌ် နိဿယ။

၇၀။ အရှင်နန္ဒဝံသ ဆရာတော် ဘုန်းတော်ကြီး၏ဘွဲ့ဂါထာ ရှစ်ဆယ်ပါဌ် နိဿယ။

၇၁။ အရှင်ပညာ ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ်ပါဌ် နိဿယ။

၇၂။ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀-ပါဌ် နိဿယ။

၇၃။ ကျွန်းဦးဆရာတော် ဘုရားကြီး၏ဘုန်းတော်တွဲ ဂါထာ သုံးဆယ်ပါဒ် နိဿယ။

၇၄။ လက်ဓာတ်တော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး ဂါထာပါဒ် နိဿယ။

၇၅။ လက်ဓာတ်တော်ကြီးသုံးဆယ့်နှစ်ပါး ဘုရားရှိခိုးဂါထာ ပါဒ် နိဿယ။

၇၆။ တရာ့ရှစ်ကွက်စက်လက်ဓာတ် ဘုရားရှိခိုး ဂါထာပါဒ် နိဿယ။

၇၇။ နမက္ကာရ ပါဒ် နိဿယ။

၇၈။ ရှပ်ဥပဂုတ်ဘုရားရှိခိုး ဆယ့်နှစ်ဂါထာ ပါဒ် နိဿယ။

၇၉။ ပဋ္ဌာန်ခြင်းဂါထာ ပါဒ် နိဿယ။

၈၀။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါဒ် နိဿယ။

၈၁။ မရဏာဿတိဘာဝနာ။

၈၂။ မူလပဏ္ဏာသအဋ္ဌကထာ ဂဏ္ဌိ။

၈၃။ ပိဋကသုံးပုံ ဘုရားရှိခိုး(၁၁၅-ဂါထာ ပါဒ်နိဿယ)။

၈၄။ ဟောစိသပါဒ် (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။

၈၅။ ဒီပဝံသပါဒ်(သီဟိုဠ်ပါဠိမှမြန်မာပါဠိပြန်ရေး)။

ဂ၆။ အစ္ဆရိယပဒါန်နှင့် အဖိုးတန်စာပေများ။
ဂ၇။ ပခုက္ကူ အဘိဓာန် နိဿယသစ်။
ဂဂ။ တိပိဋကဓရေဝုတ္တန္တသန္ဒိပနီကျမ်း။
ဂ၉။ ကာဝိဒပ္ပဏနီတိ ပါဠိ နိဿယ။
၉ဝ။ တိပိဋကဓရေဝုတ္တန္တဝိလာသိနီ။
၉၁။ ဆယ့်နှစ်ရာသီဘွဲ့ဂါထာ ပါဠိ နိဿယ။
၉၂။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝုတ္တန္တဝိလာသိနီ။
၉၃။ သမန္တကူဋဝဏ္ဏနာ ပါဠိ(သီဟိုဠ် ပါဠိမှ မြန်မာ ပါဠိ ပြန်ရေး)။
၉၄။ မဟာဝိသုတာရာမ နိကာယဝတ်ရှုတ်စဉ်အဖွင့်။
၉၅။ မဟာဝိသုတာရာမ နိကာယသာသနာဝင်သစ်။
၉၆။ မဟာဝိသုတာရာမိကာဂဏ ဝါစကာ နိကာယ သမိုင်း မှတ်တမ်း။
၉၇။ မဟာစည် ထေရဝုတ္တန္တဝိလာသိနီ။
၉ဂ။ သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း။
၉၉။ ၁၃၄ဝ-ပြည့်နှစ် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး သုံးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁ဝ-ပါး တို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒိပနီ။

၁၀၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရ ဝိတ္ထာရဥ္စိတ။

၁၀၁။ ပခုက္ကူ အပိုးတန်စာပေများ။

၁၀၂။ မိဘမြတ်ကျေးဇူး။

၁၀၃။ ထနောင်း ခလ ထေရဂုဏ်ရည်။

၁၀၄။ ၁၃၄၁-ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါးတို့၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိ ပကာသနီ။

၁၀၅။ ပခုက္ကူ ရွှေတန့်တစ်ဘုရားသမိုင်း။

၁၀၆။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး သမိုင်းကျမ်း။

၁၀၇။ ရွှေကူဘုရားသမိုင်း။

၁၀၈။ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်။

၁၀၉။ ကလျာဏီသာသနာဝင် (ပါဠိကလျာဏီသာသနာဝင်ကျမ်း)။

၁၁၀။ ပခုက္ကူ နမော တဿ အနက်များကျမ်း။

၁၁၁။ ဆရာမြတ်ကျေးဇူး။

၁၁၂။ တပည့်လိမ္မာ။

၁၁၃။ ယင်ရုလ်ပ်ညာနန္ဒ၏ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။

၁၁၄။ ပခုက္ကူ သဒ္ဒါသုတ်နက်သစ်။

၁၁၅။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နက်။

၁၁၆။ ယမမင်းထံ အငစ်ခံ သံပေါက်အဖွင့်ကျမ်း။

၁၁၇။ ထွတ်ခေါင်ကမ္မဋ္ဌာန်း သံပေါက်အဖွင့်ကျမ်း။

၁၁၈။ တိပိဋကပါဠိ အဋ္ဌကထာ ဋီကာဂါထာသူစိကျမ်း (ဦးစီးရေး)

၁၁၉။ ပခုက္ကူ ပဒမာလာကျမ်း။

၁၂၀။ ပခုက္ကူ လက်ပန်ကျွန်းရွာ ပြည်လုံးချမ်းသာ ဘုရား ဆမိုင်း။

၁၂၁။ ပခုက္ကူ အနေကဇေတင်ပါဠိ နိဿယ။

၁၂၂။ ဥပါသကလက်စွဲ ဘုရားရှိခိုး။

၁၂၃။ အေးမြမြခံမှုအမြုတေ။

၁၂၄။ မန္တလေးမြို့ ငကြိုဏ်းရာမတိုက်ဆရာတော် အရှင်ဥက္ကဋ္ဌ သဘိဝံသ၏ ထေရုပ္ပတ္တိဒီပနီ။

၁၂၅။ မိုးကုတ် ဟောထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၆။ ဆီးတော မဟာထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၇။ တောင်သာမြို့နယ် ကျောက္ကာရွာ မဟာဗောဓိ ဆရာတော်ဘုရားကြီး အရှင်သီရိဓမ္မ၏ ဘုန်းတော်ဘွဲ့ ၁၄-ဂါထာ ပါဠိ နိဿယ။

၁၂၈။ သမီးလိမ္မာ။

၁၂၉။ သားလိမ္မာ။

၁၃၀။ မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ ဓမ္မပါရဂူ ဆရာတော်ဘုရားကြီး အရှင် အာစိဏ္ဏမဟာထေရ်၏ ဘုန်းတော်ဘွဲ့ ၄၃-ဂါထာ ပါဠိ နိဿယ။

၁၃၁။ ရှင်ပင် မဟာရွှေဂူကြီး မြတ်စွာဘုရားသမိုင်း။

၁၃၂။ ရတနာ၀လိ ဘုရားရှိခိုး။

၁၃၃။ ရတနာ၀လိဝတ်ရွတ်စဉ် (ရင်းအဖွင့်)။

၁၃၄။ သီလဂုဏ်ရည်။

၁၃၅။ ဂုဏ်တော်ပွားနည်း နိဿယရည်း။

၁၃၆။ ဒါနဂုဏ်ရည်။

၁၃၇။ ဘာဝနာဂုဏ်ရည်။

၁၃၈။ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီး၏ မကွေး မဟာထေရဂုဏ်ရည်။

၁၃၉။ သီဟိုဠ်ရှင်ဆရာတော်ဘုရားကြီး အရှင် နန္ဒဝံသ၏ သီဟိုဠ်ရှင်မဟာထေရ်ဂုဏ်ရည်။

၁၄၀။ စတုရာရက္ခဘာဝနာ။

၁၄၁။ ဗုဒ္ဓဘုန်းတော် ဂုဏ်တော်ဖွဲ့ ပါဠိ နိဿယ (ဂါထာ ၅၀၀-ကျော်)။